# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၄)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
## (၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး ရှိတဲ့အနက် ၃၆၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၁၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြပါမယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၃ ရက်၊

(၂) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ခွင့် ၁ ရက်၊

(၃) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၁ ရက်၊

(၄) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၁ ရက်၊

(၅) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၄ ရက်၊

(၆) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၁ ရက်၊

(၇) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇော်ခေါင် ခွင့် ၃ ရက်၊

(၈) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ်ခွင့် ၁ ရက်၊

(၉) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၁ ရက်၊

(၁၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်နိုင်ထွန်း ခွင့် ၄ ရက်၊

(၁၁) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၁ ရက်နှင့်

(၁၂) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၅၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ ဘဏ္ဍာနှစ်အလိုက် ကျန်းမာရေးအသုံးစရိတ်များ(ပြည်ပအကူအညီအပါအဝင်) ခွဲဝေသုံးစွဲမှုနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာနေလင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာနေလင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်းဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ အသုံးစရိတ်များကို ဘဏ္ဍာရေးနှစ်များအလိုက် ခွဲဝေရရှိမှုအပေါ် မူတည်ပြီးတော့ ကျွန်တော်တို့ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေမှာ သုံးစွဲတဲ့အတွက်ကြောင့် ဒီစောင့်ရှောက်မှုလုပ်ငန်းများ သုံးစွဲတဲ့နေရာမှာ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဒီအသုံးစရိတ်တွေကို ပွင့်လင်းမြင်သာစွာ သိဖို့ရည်ရွယ်ချက်နဲ့ မေးမြန်းခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကနေ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုအပေါ်မှာ တစ်နှစ်နဲ့ တစ်နှစ်ပိုမိုကောင်းမွန်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေရမလားဆိုတဲ့ မျှော်လင့်ချက်ကြီးနဲ့ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကနေ နှစ်စဉ်အသုံးစရိတ်တွေ ခွင့်ပြုပေးနေတာ အားလုံးအသိ ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ အသုံးစရိတ်များ ဘဏ္ဍာရေးနှစ်အလိုက်ခွဲဝေရရှိမှုအပေါ် ပြန်လည်တင်ပြရလို့ရှိရင် ကျွန်တော်တို့ လွှတ်တော်မပေါ်ခင်က ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်မှာ ပြုပြင်ပြီးခန့်မှန်းခြေကျပ်ဘီလီယံပေါင်း ၂၀.၄ ရှိပြီးတော့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှာ ကျပ်ဘီလီယံပေါင်း ၅၇.၁ သာရှိခဲ့ပါတယ်။ လွှတ်တော်ပေါ်ပေါက်လာပြီးတဲ့ နောက်မှာ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ ပြုပြင်ပြီး ခန့်မှန်းခြေကျပ်ဘီလီယံပေါင်း ၇၈.၄၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ၉၂၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ၄၀၀.၇၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ ကျပ်ဘီလီယံပေါင်း ၅၂၈.၅နဲ့ ဒီနေ့ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြုပြင်ပြီး ခန့်မှန်းခြေအသုံးစရိတ် ကျွန်တော်တို့ ကျပ်ဘီလီယံပေါင်း ၇၀၈.၉ အထိ နှစ်စဉ်တိုးမြှင့်ခွင့်ပြုငွေချပေးခဲ့တာဖြစ်ပါတယ်။

ဒီလိုခွင့်ပြုငွေချပေးခဲ့တဲ့အပေါ်မှာ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာဦးစီးဌာနများအလိုက် လိုအပ်ချက်တွေအပေါ် မူတည်ပြီးတော့ တင်ပြပြီးတော့ ခွဲဝေချထားပေးခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့နေရာမှာ အဓိကလုပ်ငန်းကြီးလေးခုဖြစ်တဲ့ ကျန်းမာရေးမြှင့်တင်တဲ့လုပ်ငန်း (Hard Pormotion)၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း (Decease Prevention and Control)၊ ရောဂါကုသရေးလုပ်ငန်း (Q-Rative Self)နဲ့

ပြန်လည်ထူထောင်ရေးလုပ်ငန်း (Rhervaltion Service) တွေမှာ ကဏ္ဍအလိုက်၊ ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုကို တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ အပါအဝင် ကျွန်တော်တို့ ပြည်သူလူထုသိရှိရအောင်အတွက် ဖြေကြားပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသန်းအောင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်းနှင့် ရွှင်လန်းချမ်းမြေ့ပါစေကြောင်း မေတ္တာဖြင့်ဆုတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးဖြစ်တဲ့ ဒေါက်တာဦးနေလင်း မေးမြန်းထားသည့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ ဘဏ္ဍာနှစ်အလိုက် ကျန်းမာရေးအသုံးစရိတ်များ ပြည်ပအကူအညီ အပါအဝင် ခွဲဝေသုံးစွဲမှုနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနရဲ့ကိုယ်စား မိမိအနေဖြင့် ပြန်လည်ရှင်းလင်းတင်ပြသွားပါမယ်။ တင်ပြပါ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှာ သာမန်အသုံးစရိတ်အနေဖြင့် ကျပ်သန်းပေါင်း ၂၂၀၉၂.၂၀၉ သန်းကိုသုံးစွဲခဲ့ပြီး ငွေလုံးငွေရင်းအနေဖြင့် ကျပ်သန်းပေါင်း ၅၄၉၁၅.၉၀၈ သန်းကို သုံးစွဲခဲ့ပါတယ်။

သို့ဖြစ်ပါ၍ စုစုပေါင်းကျပ်သန်းပေါင်း ၇၇၀၀၈.၁၁၇ သန်းကို သုံးစွဲခဲ့ပါတယ်။ အလားတူစွာပဲ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ သာမန်အသုံးစရိတ်အနေဖြင့် ကျပ်သန်းပေါင်း ၆၆၇၃၀.၄၇၆ ကို သုံးစွဲခဲ့ပြီး ငွေလုံးငွေရင်းအနေဖြင့် ကျပ်သန်းပေါင်း ၂၅၂၇၈.၃၁၀ သန်းကို သုံးစွဲခဲ့ရာ စုစုပေါင်း ၉၂၀၀၈.၇၈၆ သုံးစွဲခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာတော့ ကျပ်သာမန်အသုံးစရိတ်ငွေ ကျပ်သန်းပေါင်း ၁၈၀၀၉၁.၅၉၅ ကို တိုးချဲ့သုံးစွဲခဲ့ပြီး ငွေလုံးငွေရင်းအနေဖြင့် ကျပ်သန်းပေါင်း ၂၂၀၆၂၈.၀၄၃ ကိုသုံးစွဲခဲ့ရာ စုစုပေါင်း ကျပ်သန်းပေါင်း ၄၀၀၇၁၉.၆၃၈သန်း သုံးစွဲခဲ့ကြောင်း တင်ပြအပ်ပါတယ်။ အလားတူစွာပဲ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် သာမန်အသုံးစရိတ်၌ ကျပ်သန်းပေါင်း ၃၀၈၀၃၇.၂၆၄ ကိုသုံးစွဲခဲ့ပြီး ငွေလုံးငွေရင်းအနေဖြင့် ကျပ်သန်းပေါင်း ၂၂၀၅၃၆.၅၉၃ ကိုသုံးစွဲပြီး ကျပ်သန်းပေါင်း ၅၂၈၅၇၃.၈၅၇ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ယခု

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာတော့ သာမန်အသုံး စရိတ်ငွေ ကျပ်သန်းပေါင်း ၃၈၂၂၇၇.၆၅၉ ကိုသုံးစွဲခဲ့ပြီး ငွေလုံးငွေရင်းအနေဖြင့် ကျပ်သန်းပေါင်း ၂၇၀၄၆၆.၉၃၀ကို သုံးစွဲခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ဒီစုစုပေါင်း သာမန်အသုံးစရိတ်တွင်၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် စုစုပေါင်းအသုံးစရိတ်မှာ ကျပ်သန်းပေါင်း ၉၅၉၂၂၉.၂၀၃ သန်းရှိပြီး ငွေလုံးငွေရင်းတွင် ကျပ်သန်းပေါင်း ၇၉၁၈၂၅.၇၈၄ သန်းရှိခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်း ကျန်းမာရေးအသုံးစရိတ် ပြည်ပအကူအညီအပါအဝင် သုံးစွဲခဲ့မှုများမှာ ဘီလီယံပေါင်း ၁၇၅၁.၀၅၅ ဘီလီယံဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လျှပ်စစ်အန္တရာယ်ကြောင့် နစ်နာသူပြည်သူများအတွက် မည်သို့တာဝန်ယူဆောင်ရွက်ပေးသည်ကို သိလိုခြင်းနှင့် နောင်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ကော်မတီကိုရောက်ရှိလာတဲ့ နိုင်ငံခြားပညာရှင် ဧည့်သည်တော်များကို သွားရောက်ကြိုဆိုနေရာချထားပေးရတဲ့အတွက် လွှတ်တော်တစ်ခေါက် နှစ်ခေါက်ပြန်လာတဲ့အတွက် အချိန်မီမရောက်ခြင်းကိုအလေးအနက်၊ တောင်းပန်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ပတ်သက်တဲ့မေးခွန်းကို မေးမြန်းလိုပါတယ်။ ကျွန်တော့အနေနဲ့ မေးခွန်းကို မေးမြန်းပြီးတဲ့အခါမှာ အကျိုးအကြောင်းဖော်ပြချက် အနည်းငယ် Power Point နဲ့ပြလိုပါတယ်။ မေးခွန်းအနေနဲ့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ချို့ယွင်းပျက်စီးသော လျှပ်စစ်ပစ္စည်းများကြောင့်လည်းကောင်း၊ လျှပ်စစ်ဌာန၏ စွမ်းဆောင်မှုအားနည်းချက်များကြောင့်လည်းကောင်း၊ နိုင်ငံသားတို့၏ ထိခိုက်နစ်နာဆုံးရှုံးမှုနှင့် အသက်ဆုံးရှုံးရမှုများအတွက် မည်ကဲ့သို့ တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်သည်ကို သိလိုပါသည်။

ဒုတိယမေးခွန်းအနေနဲ့ လျှပ်စစ်အန္တရာယ်ကြောင့် ပြည်သူများ နောက်နောင် ဘေးအန္တရာယ်ကင်းရှင်းစွာ နေထိုင်နိုင်ရေးအတွက် စနစ်တကျထိန်းသိမ်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ

မေးခွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အနေနဲ့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ ပတ်သက်ပြီးတော့မှ ဆွေးနွေးမေးမြန်းမှုများ၊ ယခင်မေးခွန်းများအပေါ် ဖြေကြားထားချက်များ၊ လျှပ်စစ်ဓာတ်ကြိုးများ၊ ဟောင်းနွမ်းဓာတ်တိုင်များ၊ အန္တရာယ်ရှိ လျှပ်စစ်သွယ်တန်းမှု အသုံးပြုမှုများနဲ့ ပတ်သက်ပြီး လွှတ်တော်မှာ မေးခွန်းများ မေးမြန်းခြင်း၊ ဆွေးနွေးမှုများပြုလုပ်ခြင်းနှင့် ဝေဖန်ထောက်ပံ့မှုများ၊ သတိပေးမှုများအသီးသီးဖြင့် ပြည်သူလူထုရဲ့ ဘဝလုံခြုံမှုအတွက် အကြိမ်ကြိမ်တိုက်တွန်း ဆောင်ရွက်ခဲ့ပါတယ်။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှလည်း ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး၌ ကတိကဝတ်အချို့ကို ပေးခဲ့သော်လည်း လက်ရှိအခြေအနေမှာတော့ ထိုကတိနှင့်ဆန့်ကျင်ဘက်ဖြစ်တဲ့ကိစ္စရပ်များဟာ ယခုနှစ်အတွင်းမှာ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပါတယ်။ လျှပ်စစ်ဓာတ်ကြိုးများပြတ်ကျ၍ ဆုံးရှုံးထိခိုက်မှုများ ဖြစ်စဉ်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ပါတယ်။ လူ့အသက်ဆုံးရှုံးမှုများ ဖြစ်ခဲ့ကြောင်းကိုလည်း အကြိမ်ကြိမ်ကြားသိခဲ့ရပါတယ်။ ဒီ ၁၆-၇-၂၀၁၄ ရက်နေ့မှာဆိုရင် အလုံမြို့နယ်၊ ကျောင်းလမ်းမှာ ဓာတ်ကြိုးပြတ်ကျမှု ဖြစ်ပေါ်ခဲ့ပါတယ်။ မိုးရွာသွန်းမှုမရှိတဲ့ အချိန်ဖြစ်လို့သာ လူအသေအပျောက်မရှိခြင်းဖြစ်ပါတယ်။ အဲ့ဒီဓာတ်ကြိုးပြတ်တဲ့နေရာဟာ လျှပ်စစ်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပေး၊ ရန်ကုန်ဓာတ်အားပေးစက်ရုံရဲ့ နောက်ကျော အုပ်ရိုးတစ်ချပ်သာ ခြားပါတယ်။ ပြတ်ကျတဲ့ဓာတ်ကြိုးဟာ ဆွေးမြည့်နေတဲ့ မဟုတ်ဘဲနဲ့ ဓာတ်ကြိုးတုတ်ခိုင်တဲ့ ဓာတ်ကြိုးအကြီးစား အသစ်တွေဖြစ်ပါတယ်။ အဲ့ဒီအချိန်မှာ ပြည်သူတွေကတော့ အထိတ်တလန့်ဖြစ်ပြီးတော့မှ ကျွန်တော့်ဆီကိုချက်ချင်းပင် အကြောင်းကြားကြပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ချက်ချင်းအကြောင်းကြားပြီးတော့မှ ကူညီဆောင်ရွက်ပေးပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၂-၉-၂၀၁၄ ရက်နေ့ သင်္ဃန်းကျွန်းမြို့နယ်မှာ ဓာတ်တိုင်ဝါယာရှော့ခ်ဖြစ်ပြီး ရေစိုနေတဲ့လမ်းပေါ်မှာ လျှပ်စစ်စီးဝင်ပြီးတော့မှ အသက် ၃၅ နှစ်အရွယ်အမျိုးသမီးတစ်ဦးနဲ့ ဒုတိယတန်းကျောင်းတက်နေတဲ့ ၁၀ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးတို့ဓာတ်လိုက်သေဆုံးခဲ့ကြရပါတယ်။ ဒီလိုမျိုးဓာတ်လိုက်သေဆုံးခဲ့တဲ့ ဖြစ်စဉ်တွေကို ကျွန်တော့်အနေနဲ့ CD ၂ ချပ်နဲ့ ပြုစုထားပါတယ်။ ဒါပေမယ့် တချို့ကိစ္စတွေဟာ အနိဋ္ဌာရုံအဖြစ် အင်မတန်မှကြေကွဲစရာတွေအများကြီးတွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ အဲ့ဒါတွေကို ဆက်လက်မပြလိုတော့ဘဲနဲ့ ဖြစ်စဉ်တွေကိုသာ အရင်ဆုံး စုဆောင်းထားတာဖြစ်ပါတယ်။ စက်ခန်းအနေနဲ့ CD ပြဖို့မဖြစ်နိုင်တော့ဘူးဆိုရင် ကျွန်တော့်အနေနဲ့ လျှပ်စစ်အန္တရာယ်ကင်းဝေးစေဖို့အတွက် ကိုယ်အန္တရာယ်ကိုယ်ရှောင်ကြရန် လျှပ်စစ်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ အုပ်ချုပ်မှု Director က သတိပေးတဲ့

စကားနဲ့ ပတ်သက်ပြီးတော့လည်း ဒီမှာအရေးကြီးနေပါတယ်။ လျှပ်စစ်နဲ့ပတ်သက်ပြီး အကုန်လုံးကို အန္တရာယ်ကင်းရှင်းဖို့လုပ်ထားတဲ့ လမ်းဖြတ်ကူးရင် ကားကိုကြည့်ရှောင်ရသလို ဓာတ်ကြိုးအောက် ရောက်သွားမယ်ဆိုရင်လည်း ဓာတ်ကြိုးကိုကြည့်ရှောင်ရမယ်။ အန္တရာယ်ရှိတယ်ဆိုတာကို အရင် အတည်းက သိထားရမှာပေါ့။ ဓာတ်ကြိုးတွေက အများကြီး မိုင်ပေါင်းများစွာရှိနေတော့ ဘယ်အချိန် ပြတ်ကျမလဲဆိုတာမသိနိုင်ဘူး။ မြင်တဲ့သူကအကြောင်းကြားပေးမှသာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ချက်ချင်းပြင်လို့ရမယ်ဆိုတဲ့ စကားရှိပါတယ်။ ဒါတွေအနေနဲ့ ဒီသတင်းဌာနတွေက မေးထားတဲ့ မေးခွန်းတွေကို ဖြေထားတာတွေဖြစ်တဲ့အတွက် ဒီဟာတွေဟာ ပြည်သူတွေအတွက် ထိခိုက်မှုလည်းဖြစ် ရသေးတယ်။ ထပ်ပြီးတော့ ဖြေတဲ့အဖြေတွေပေါ်မှာကြားရတဲ့အတွက် စိတ်ဆင်းရဲမှုတွေဖြစ်ပါတယ်။ အဲ့ဒီအတွက် ကျွန်တော်တို့အနေနဲ့ ဒီလျှပ်စစ်ဌာနက တာဝန်ယူမှု၊ တာဝန်ခံမှုရှိဖို့လိုတယ်လို့ အဲ့ဒီလိုပဲ ပြောလိုပါတယ်။ အဲ့ဒါကြောင့်မို့လို့ ပြည်သူများထိခိုက်နစ်နာမှု၊ ဆုံးရှုံးမှုတွေကို အသက်ပါဆုံးရှုံးရမှု များကို ယခုနှစ်တွင် ဆက်တိုက်ဖြစ်ပေါ်နေရခြင်းဟာ မည်သည့်အကြောင်းအရင်းကိစ္စကြောင့် ဖြစ်ပေါ် နေသည်ကိုလည်းကောင်း၊ မည်ကဲ့သို့ တာဝန်ယူဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ တာဝန်ရှိသူ အသီးသီးတို့မှ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ပြည်သူ့ရှေ့မှောက်တွင် ဝန်ခံမှုများရှိသင့်ပါသည်။ နောက်နောင် ဤကဲသို့မဖြစ်စေရေးအတွက် တာဝန်ယူဆောင်ရွက်နိုင်ရန် လိုအပ်ပါတယ်။ အဲ့ဒါကြောင့် မို့လို့ ကျွန်တော့်အနေနဲ့ ဤမေးခွန်းကိုမေးရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသူ ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေလို့ ကိုယ်စိတ်နှစ်ပါး ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမော်သာထွေးဖြစ်ပါတယ်။ ကျွန်တော် အခုတင်ပြမယ့် အစီအစဉ်မှာ ကျွန်တော် Power Point လေးနဲ့ရှင်းပြမှပိုပြီးတော့ အဆင်ပြေမယ်လို့ ယူဆတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်ကို Power Point လေးနဲ့ တင်ပြခွင့်ပြုဖို့ တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ လျှပ်စစ်အန္တရာယ်ဖြစ်တယ်ဆိုတာ ဒီ ၄ ချက်နဲ့ ကျွန်တော်တို့ ဖြစ်တာဖြစ်ပါတယ်။ ဓာတ်အားလိုင်းတွေပြတ်ကျ၊ နိမ့်ကျကိစ္စမှာလည်း လျှပ်စစ်အန္တရာယ်ဖြစ်ပါတယ်။

သုံးစွဲသူတွေဟာ အဆောက်အဦတွေသွယ်တန်းထားတဲ့ Service ကြိုးတွေ ပေါက်ပြဲပြတ်ကျရင်လည်း ဖြစ်ပါတယ်။ အရည်အသွေးနိမ့်တဲ့ပစ္စည်းတွေ သုံးရင်လည်းဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ လျှပ်စစ်ဆိုင်ရာအသိအားလုံးမှာ ရှိနေရင်လည်းပဲ လျှပ်စစ်အန္တရာယ်တွေ ကင်းရှင်းမယ်ဆိုတာကို ဒီလေးချက်နဲ့ကျွန်တော်တို့ တင်ပြခြင်းဖြစ်ပါတယ်။ ဒီလိုအန္တရာယ်ကင်း၊ ဒီလိုဖြစ်နေတဲ့ဟာတွေကို အန္တရာယ်ကင်းအောင်လုပ်ရင် ဘာတွေလုပ်ရမလဲဆိုတာကို ဒီ ၁၀ ချက်နဲ့ လုပ်ရမှာဖြစ်ပါတယ်။ လိုအပ်တဲ့နေရာတွေမှာ Earth Wire တွေတပ်ဆင်ပေးရမယ်။ Earth Three, Earth Bar တွေတပ်ဆင်ပေးရမယ်။ ဒဏ်ခံကြိုးတွေ တပ်ဆင်ပေးရမယ်။ ထရန်စဖော်မာတွေမှာ လိုအပ်တဲ့ Breaker တွေ ဖြုတ်ဆင်တပ်ဆင်ပေးရမယ်။ Service ကြိုးတွေမှာ အန္တရာယ်ကင်းအောင် စနစ်တကျဆောင်ရွက်ပေးရမယ်။ ကျွန်တော်တို့ ခုထိအောင်တင်ပြသွားတဲ့ (၄) အချက်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆောင်ရွက်ရမှာဖြစ်ပြီးတော့ Service ကြိုးတွေနဲ့ ပတ်သက်တဲ့ ကိစ္စတွေကတော့ အိမ်တွေ၊ မိသားစုတွေထဲမှာဖြစ်နေတဲ့ ကိစ္စဖြစ်တာကြောင့်မို့လို့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးသွားရမယ့်ကိစ္စဖြစ်ပါတယ်။ (၆) အချက်ကတော့ ရထားလမ်း၊ ကားလမ်းကုန်းကျော်တွေမှာ လူစည်ကားရာဒေသတွေမှာ ဓာတ်အားလိုင်းတွေကို ပုခက်ကြိုးလို့ခေါ်တဲ့ အောက်ခံကြိုးတွေနဲ့ ကျွန်တော်တို့ တပ်ဆင်ပေးဖို့လည်းဖြစ်ပါတယ်။ နောက်ဗို့အားမနိုင်တဲ့ လိုင်းကြိုးများအသစ်လဲလှယ်တပ်ဆင်ပေးဖို့လည်း လိုပါတယ်။ ဓာတ်အားလိုင်းနဲ့ မလွတ်ကင်းတဲ့ သစ်ပင်သစ်ကိုင်းတွေလည်း ကျွန်တော်တို့ရှင်းမှသာလျှင် အန္တရာယ်ကင်းမှာဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ဗို့အားနိမ့်လိုင်းအားလုံးမှာ Insulated ကြိုးတွေကို ပြောင်းလဲသုံးစွဲသွားခြင်းအားဖြင့် စောစောကအပေါ်က တင်ပြသွားတဲ့ အချက်ရဲ့ ၇ ချက်လောက်ကို ကျွန်တော်တို့ တစ်ပါတည်းဖြေရှင်းပြီး ဖြစ်ပါတယ်။ နောက်ဆုံးတစ်ချက်ကတော့ ပြည်သူတွေကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးရန် အဓိကလိုအပ်ချက်ပဲဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တစ်ဆင့်ချင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဘာတွေလုပ်နေသလဲ။ ကတိတွေပေးထားပြီး ဘာလုပ်နေသလဲဆိုတာကို တင်ပြမှာဖြစ်ပါတယ်။ အဲ့ဒီကတိတွေပေးပေး၊ မပေးပေး ကျွန်တော်တို့မှာ လုပ်ရမယ့်တာဝန်ရှိပါတယ်။ ရှိတဲ့အတွက်ကြောင့်လည်း ကျွန်တော်တို့လုပ်နေပါတယ်။ လုပ်တဲ့အခါမှာ ယခုဘာတွေလုပ်နေတယ်ဆိုတာကို ကျွန်တော် အများကြီးပြောဖို့အတွက် အချိန်နည်းတဲ့အတွက်ကြောင့်မို့လို့ တစ်ခုချင်းစီကို အတိုချုပ်တင်ပြမှာ ဖြစ်ပါတယ်။

အခုတက်နေတာကတော့ Earth Three, Earth Bar တွေကို ကျွန်တော်တို့ တပ်ဆင်ပေးနေတဲ့ အန္တရာယ်ကင်းရှင်းရေးတစ်ချက် ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဒီဟာတကယ်လို့ တစ်ခု တစ်ခု ဖြစ်ခဲ့လို့ရှိရင် စောစောကတင်ပြချက်အတိုင်း မလုံလောက်ဘူးဆိုလိုရှိရင်၊ ပြတ်ကျခဲ့ရင် Insulated သို့မဟုတ် ဒီ Plastic Cable လိုဟာမျိုးနဲ့ Link အချိုးချင်းကို  Link လုပ်တာဖြစ်ပါတယ်။ ဒါကတော့ သူက သူ့ရဲ့ Cable Link လေးတစ်ခုဟာ အနည်းဆုံး ကီလိုဂရမ် ၃၀ လောက်ခံနိုင်တဲ့အတွက် ကြောင့်မို့လို့ ကြိုးပြတ်ကျတဲ့အချိန်မှာ သုံးလေးဆက်လောက် အဲ့လိုချိတ်တယ်ဆိုတဲ့ သဘောပဲဖြစ်ပါ တယ်။ ဒါကို နိုင်ငံတကာမှာလည်း ဒီဟာကို သုံးပါတယ်။ ဒီ Sketch ဖြစ်ပါတယ်။ ဒါလက်တွေ့ ဆောင်ရွက်နေတဲ့ ဆောင်ရွက်ထားပြီးသားပုံဖြစ်ပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့ Service ကြိုးတွေအိမ်ထဲမှာ လဲလှယ်ပေးတဲ့ကိစ္စဖြစ်ပါတယ်။ ပြည်သူတွေကို စည်းရုံးရတာဖြစ်ပါတယ်။ အိမ်ထဲ ဝင်ပြီးတော့ ကျွန်တော်တို့ ဖွတ်လုပ်လို့မရတဲ့အတွက်ကြောင့်မို့လို့ သူတို့ကို အတတ်နိုင်ဆုံးစည်းရုံး ပြီးတော့ ဆောင်ရွက်တာ။ ရန်ကုန်တိုင်းမပါ။ ကျွန်တော်တို့ အခုပြီးခဲ့တဲ့ မတ်လကုန်နောက်ပိုင်းကနေ စလုပ်ခဲ့တာ မိသားစုတစ်သိန်းလောက်ကို ကျွန်တော်တို့လဲလှယ်ပေးပြီး ဖြစ်ပါတယ်။ ဒါတွေကတော့ သူတို့စရိတ်နဲ့ သူတို့လုပ်ပေးရခြင်းဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ သစ်ပင်၊ သစ်ကိုင်းတွေကို ခုတ်ထွင်ရှင်းလင်းပေးရတဲ့ကိစ္စဟာလည်း အလွန်အရေးကြီးပါတယ်။ ဒါကတော့ ပြီးခဲ့တဲ့နှစ်ကဆိုရင် ဖေဖော်ဝါရီ၊ မတ်ကစပြီးတော့ မိုးတွင်း ကာလထိအောင် ကျွန်တော်တို့ဆက်တိုက် အပတ်စဉ်စီစဉ်ဆောင်ရွက်ခဲ့တဲ့ ပုံလေးတွေဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အရေးကြီးပါတယ်။ Insulated Cable ကို ကျွန်တော်တို့ သုံးစွဲပြီးတော့ ဒီလူစည်ကား ရာဒေသတွေအပါအဝင် ဖွံ့ဖြိုးတဲ့နိုင်ငံတွေမှာလည်း ဒီအတိုင်းပဲသုံးပါတယ်။ အခု ကျွန်တော် ပုံမှာတင်ပြထားတဲ့အထဲမှာပါတာက မီးလုံးလေးတွေ ထွန်းထားတာမဟုတ်ပါဘူး။ ကျွန်တော် တို့က ဆန္ဒင်းမကင်းကွက်ကလေးတွေနဲ့ Insulated Cover ကို ကျွန်တော်တို့ Hunging လုပ်ထား တာဖြစ်ပါတယ်။ အဲ့တော့ ဘာကောင်းသွားလဲဆိုတော့ ကျွန်တော်တို့ Cross Arm တွေတပ်ဆင်ပြီးတော့ အိမ်တွေဘက်မှာလည်း တစ်ခြမ်းကျနေတယ်။ လမ်းဘက်မှာလည်း တစ်ခြမ်းကျနေခြင်းမရှိတော့ဘဲနဲ့ ကျွန်တော်တို့ လမ်းဘက်မှာပဲ သူကရှိနေတာဖြစ်ပြီးတော့ Insulated နဲ့ Cable လေးတွေကို Link လုပ်ထားတဲ့အတွက်ကြောင့်မို့လို့ အလွန်အန္တရာယ်ကင်းပါတယ်။ ဒါဆိုလို့ရှိရင် ရန်ကုန်မှာ လှည်းတန်း လမ်းထိပ်မှာ ဆောင်ရွက်ထားတဲ့ ပုံလေးကို လှည်းတန်းလမ်းမဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒီအတိုင်းပဲ ကျွန်တော်တို့ မြို့ထဲတွေမှာ အရေးကြီးတဲ့နေရာတွေမှာ ကျွန်တော်တို့ စလုပ်နေပြီ ဖြစ်ပါတယ်။ နောက်ဆုံးတစ်ချက်ကတော့ ကျွန်တော်တို့ ပြည်သူတွေရော၊ မီးသုံးစွဲသူတွေ အကုန်လုံး ကိုပါအသိပေးခြင်း၊ အသိပညာပေးခြင်းဖြစ်ပါတယ်။ ဒါဟာလည်းကျွန်တော်တို့ လက်ကမ်းစာစောင် လေးတွေလုပ်ပြီးတော့ပေးတယ်။ စည်းရုံးရေးအနေနဲ့ သက်ဆိုင်ရာ စာသင်ကျောင်းတွေ၊ မြို့နယ် ရပ်ကွက်တွေထဲမှာ ကျွန်တော်တို့ ဆင်းပြီးတော့ ဒီဟာလေးတွေ လက်ကမ်းစာစောင်လေးတွေကို မျှဝေ ပြီးတော့ ခုဆိုရင်ပြီးခဲ့တဲ့ နွေရာသီမှာတုန်းက အတော်အန္တရာယ်ဖြစ်တာလေးတွေ ရှိတဲ့အတွက်ကြောင့် မို့လို့ ပိုပြီးတော့ ကွင်းဆင်းပြီးတော့ ဆောင်ရွက်တဲ့ပုံလေးတွေ ဖြစ်ပါတယ်။ ဒီပုံဆိုလို့ရှိရင် ကျွန်တော် တို့က လမ်းဆုံလမ်းဝွတွေမှာလည်း သူတို့ဖတ်နိုင်ပြုနိုင်အောင် အသိပညာပေးတဲ့ ဆိုင်းဘုတ်လေးတွေ ထောင်ပေးရပါတယ်။ ဒါကကျွန်တော် စာသင်ကျောင်းတွေမှာ ဆိုရင်လည်းပဲ ဒါဆို ဓမ္မာရုံထဲမှာ ကျွန်တော်တို့ လူကြီးတွေကို မိဘတွေကို ခေါ်ပြီးတော့ ရှင်းလင်းပြတဲ့ပုံဖြစ်ပါတယ်။ ဒါကျတော့ အများ နဲ့ဆိုင်တဲ့ အောက်ပိုင်းကပုံကတော့ ကျောင်းသားလေးတွေကို လက်ကမ်းစာစောင်လေးတွေနဲ့ ဖြန့်ဖြူး ပြီးတော့ ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော် တို့လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဘာတွေကိုလုပ်နေသလဲဆိုတာကို ရုံဖန်ရံခါ အခါအားလျော်စွာ အကုန်လုံးမပြောနိုင်ရင်တောင်မှ လုပ်ပေးတာလေးတွေ ပြည်သူတွေသိစေချင်လို့ ကျွန်တော်တို့ ဖော်ပြပေးတာလေးတွေ သတင်းစာ လေးထဲမှာရှိပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ရုပ်မြင်သံကြားဇာတ်လမ်းတိုလေးတွေလည်း ကျွန်တော်တို့ ပညာပေးဇာတ်လမ်းလေးတွေလည်း ရုပ်မြင်သံကြားမှာ အခါအားလျော်စွာ ထည့်သွင်းပြသလျက်ရှိပါ တယ်။ ဒါကတော့ ကျွန်တော်တို့ လျှပ်စစ်အန္တရာယ်ကင်းရှင်းတဲ့အခါမှာ ပြည်သူတွေပဲ အန္တရာယ် ကင်းရှင်းဖို့လိုသလား။ လုပ်တဲ့ လူတွေလည်းအန္တရာယ်ရှိနေတာတွေ အများကြီးရှိပါတယ်။ ဒါ့ကြောင့် မို့လို့ လုပ်တဲ့လူတွေအတွက်ကလည်း အန္တရာယ်ကင်းစေဖို့အတွက် သူတို့ကို လုံလောက်တဲ့ Equipment တွေလည်း ကျွန်တော်တို့ တစ်ဖက်တစ်လမ်းကနေ တပ်ဆင်ပြီးတော့မှ စနစ်တကျစီစဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလိုလုပ်တဲ့အခါမှာ မေးခွန်းထဲမှာလည်းပါသွားပြီး ဖြစ်ပါတယ်။ သူတို့ရဲ့ထိခိုက်သွားတာတွေကို ဘာလုပ်ပေးမလဲဆိုတော့ ဝန်ထမ်းဖြစ်ခဲ့လို့ရှိရင်တော့ ဝန်ထမ်းမှာလူမှုဖူလုံရေးတွေ ဘာတွေစုဆောင်း ထားတာရှိပါတယ်။

အဲဒါတွေနဲ့ထောက်ပံ့သလိုအခြားလူမှုရေး အထောက်အပံ့ငွေတွေကိုလည်း ကျွန်တော်တို့ သီးခြားဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီမှာပြင်ပပုဂ္ဂိုလ်များ၊ ပြည်သူများထိခိုက်မှုရှိလို့ရှိရင်လည်း

ကျွန်တော်တို့ကလောလောဆယ် ဥပဒေထဲမှာပြဋ္ဌာန်းပေးလိုက်တဲ့ဥပဒေထဲမှာအခန်း ၁၄ ပုဒ်မ ၆၈ မှာဖော်ပြထားပြီးဖြစ်ပါတယ်။ အဲဒါကိုနည်းဥပဒေမှာဆက်လက်ပြီးတော့ အသေးစိတ်ရေးသားပြီးတော့ ပြည်သူတွေထိခိုက်ဒဏ်ရာ တစ်ခုခုဖြစ်လို့ရှိရင် ဘာလုပ်ပေးမလဲဆိုတဲ့ အစီအစဉ်ကိုဆက်ပြီးတော့ အသေးစိတ်ဖော်ပြသွားမှာဖြစ်ပါတယ်။ လောလောဆယ် အချိန်ထိအောင်တော့ ကျွန်တော်တို့က သက်ဆိုင်ရာတိုင်းဒေသတာဝန်ရှိသူ လျှပ်စစ်ဝန်ထမ်းအကြီးအကဲကဦးဆောင်ပြီးတော့မှ ထိခိုက်သွားတဲ့ ပုဂ္ဂိုလ်များကို လူမှုရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်းတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ဒါဟာ လျှပ်စစ်နဲ့ပတ်သက်ပြီးတော့ တိုးတက်ဆောင်ရွက်ခဲ့ရတဲ့ အပေါ်မှာ ၁၉၈၈ ခုနှစ် ကုန်ကအိမ်ထောင်စုပေါင်း ၆ ရာခိုင်နှုန်းပဲ လျှပ်စစ်ဓါတ်အားပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၀ ကျတော့ ၂၂ ရာခိုင်နှုန်းထိအောင် တိုးတက်ပေးနိုင်ခဲ့ပြီးတော့ ၂၀၁၄ ခုနှစ်ကျတော့ ၃၃ ရာခိုင်နှုန်းထိအောင် တိုးတက်ပြီးတော့ ပေးလာနိုင်တာရှိပါတယ်။ ဒီလိုပေးလာနိုင်ခြင်းအားဖြင့်လည်းမီးကို လျှပ်စစ်ဘက် ကတစ်ဖက်ကအိမ်ထောင်စုတွေကို ပေးလာတဲ့အခါမှာတစ်ဖက်ကလည်း ရင်းနှီးမြှုပ်နှံမှုတွေလုပ်ရပါ တယ်။ လုပ်တဲ့အခါမှာရင်းနှီးမြှုပ်နှံမှုတွေမှာအပိုင်း ၃ ပိုင်းနဲ့ လုပ်ရပါတယ်။ တစ်ပိုင်းကတော့ ထုတ်လုပ်မှုပိုင်း ရင်းနှီးမြှုပ်နှံမှုလုပ်ရပါတယ်။ တစ်ပိုင်းကတော့ သယ်ပို့တဲ့အပိုင်းမှာလည်း အဆင့်မြှင့်တင်တာလုပ်ရသလို တိုးချဲ့တည်ဆောက်ခြင်းတွေလည်း လုပ်ရပါတယ်။ နောက်ဆုံးအပိုင်း ကတော့ ဖြန့်ဖြူးမှုအပိုင်းမှာ အဆင့်မြှင့်တင်တာလုပ်ရသလို တိုးချဲ့တည်ဆောက်ခြင်း အပိုင်းမှာလည်း လုပ်ရပါတယ်။ ဒီသုံးချက်ဟန်ချက်ညီမှ၊ ရင်းနှီးမြှုပ်နှံမှုထဲမှာလည်းဟန်ချက်ညီမှ၊ ဆောင်ရွက်တာ လည်းဟန်ချက်ညီမှ ပြည်သူတွေဟာအန္တရာယ်ကင်းတဲ့မီးကိုတည်တည်ငြိမ်ငြိမ်နဲ့ သုံးစွဲရမှာဖြစ်ပါ ကြောင်း ကျွန်တော်တို့ တင်ပြအပ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ International Theory လေးတစ်ခုရှိပါတယ်။ အဲဒါကတော့ ဘာလဲဆိုတော့ လျှပ်စစ် ၁ မဂ္ဂါဝပ် ရင်းမယ်ဆိုလို့ရှိရင် အနည်းဆုံး အဆင့် ထုတ်လုပ်မှုမှာ ၁ မီလီယံ US ဒေါ်လာရင်းရပြီးတော့ သယ်ပို့ဖြန့်ဖြူးမှုမှာအနည်းဆုံး ၁ မီလီယံ US ဒေါ်လာ ကျွန်တော်တို့ ဖြန့်ဖြူးရတယ်ဆိုတဲ့အပိုင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြီးခဲ့တဲ့ကာလတွေဖြတ်သန်းခဲ့တဲ့ ကာလတွေမှာထုတ်လုပ်မှုတွေကို အာရုံစိုက်ခဲ့ တာများခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ထုတ်လုပ်မှုများများရှိမှ သယ်ပို့မှုကို ဒုတိယငါတို့သယ်ပို့ပြီး တော့လုပ်မယ်ဆိုတဲ့အပိုင်းမှာ ထုတ်လုပ်မှုပိုင်းဆိုင်ရာမှာ ရင်းနှီးမြှုပ်နှံခဲ့တဲ့ဟာလေးတွေကတော့ တိုးတက်မှုရှိလာခဲ့ပေမယ့် သယ်ပို့ဖြန့်ဖြူးတဲ့အပိုင်းမှာ အသစ်တွေကို ကျွန်တော်တို့ ဖြန့်ဖြူးနေတဲ့ အချိန်မှာ အဟောင်းတွေက ခံနိုင်ရည်မရှိတော့ဘဲနဲ့ ပြုပြင်ဆောင်ရွက်ရမယ့်အပိုင်းတွေ ကျွန်တော်တို့

လစ်ဟင်းခဲ့တာတွေရှိပါတယ်။ ဒါကတော့ ရရှိရန်ပုံငွေနဲ့ အခြားသော အခက်အခဲတွေကြောင့် ကျွန်တော်တို့ဖြစ်ခဲ့တာလည်းရှိပါတယ်။ တချို့လည်းပဲ လူကြောင့်လည်းဖြစ်တာရှိသလို၊ ပစ္စည်းကြောင့် လည်းဖြစ်တာရှိသလို ငွေကြောင့်လည်းဖြစ်တာတွေ အများကြီး ရှိပါတယ်။ ဒီနေရာမှာချုံ့ပြီး တင်ပြ ရလို့ကတော့ ကျွန်တော်တို့နှစ်စဉ် ရန်ကုန်မြို့တော်ခါတ်အားကို ကြည့်မယ်ဆိုရင် အနည်းဆုံးအဆင့် ၁၅၀ မဂ္ဂါဝပ်လောက် နှစ်စဉ်တိုးတက်နေတာကိုတွေ့ရပါတယ်။ တွေ့တော့ သူ့ရဲ့ကျွန်တော်တို့ တိုးတက် ဖြန့်ဖြူးတဲ့ အပိုင်းကျတော့ ရန်ကုန်မြို့တော်ကျတော့ အသစ်လိုင်းဆွဲ ပေးရမယ့်ကိစ္စကသိပ်မရှိတော့ ဘူး။ သူက ရန်ကုန်မြို့လယ်ဧရိယာတွေဟာ မြို့ပေါ်မှာဆိုလို့ရှိရင် လူတိုင်းအိမ်တိုင်းက မီးရနေတဲ့ သဘောဖြစ်တော့ ကျွန်တော်တို့ ဒါဟာ ဘာပဲလုပ်ပေးဖို့ အဓိကလိုအပ်သလဲဆိုတော့ သူတို့သုံးနိုင် သလောက် ကျွန်တော်တို့ ထရန်စဖော်မာဆိုလည်း ထရန်စဖော်မာ အဆင့်မြှင့်တင်ပြီးတော့ ပြောင်းလဲ ပေးဖို့ပဲအဓိကလိုအပ်တဲ့အချက်က ကျွန်တော်တို့ နှစ်စဉ်ဘီလီယံ ၁၅၀ လောက်ကုန်မှာကိုဒါရမယ်ဆိုတဲ့ သဘောကိုလည်း ကျွန်တော်တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ဒီနေရာမှာနိဂုံးမချုပ်ခင် တစ်ချက် ကလေးတင်ပြလိုတာကတော့ ဒီလိုနှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်တဲ့ အဖြစ်အပျက်တွေအကုန် လုံးကို ကျွန်တော်တို့ကဒီတစ်နှစ်ထဲမှာ ကျွန်တော်တို့ဆောင်ရွက်ဖို့ဆိုတာ အများကြီးအခက်အခဲရှိတဲ့ စိန်ခေါ်မှုတစ်ရပ်လည်းဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့က တိုးတက်လာတဲ့လူဦးရေနဲ့ သိပ်သည်း လာတဲ့ လူဦးရေသိပ်သည်းမှုပေါ်မှာမူတည်ပြီးတော့မှ ခါတ်အားလိုင်းတွေ အဆင့်မြှင့်တင် ပေးခြင်း၊ ထရန်စဖော်မာတွေ အဆင့်မြှင့်တင်ပေးခြင်း၊ ခွဲရုံတွေအဆင့်မြှင့်တင်ပေးခြင်းဆိုတာ ရင်းနှီးမြှုပ်နှံမှု မြောက်များစွာနဲ့ အချိန်ယူပြီးတော့ ဆောင်ရွက်ရတဲ့ကိစ္စတစ်ရပ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီနေရာမှာ Man, Material, Money ပေါ့။ သုံးခုစလုံး ဟန်ချက်ညီမှုဖြစ်မယ့် ကိစ္စဖြစ်ပါတယ်။ လူအင်အားပိုင်း ဆိုင်ရာမှာ ကျွမ်းကျင်မှုသင်တန်းတွေပေးဖို့ဆိုပြီးတော့ စီစဉ်ဆောင်ရွက်လျက်ရှိပြီဖြစ်ပါတယ်။

နောက်တစ်ခုကတော့ သင်တန်းကျောင်းတွေတိုးချဲ့ပြီးတော့ ဆောင်ရွက်မှာဖြစ်ပါတယ်။ ကျွန်တော်တို့လိုချင်တဲ့ ကျွမ်းကျင်တဲ့လုပ်သားကောင်းတွေဟာ ဒီသင်တန်းကျောင်းတွေကနေပြီးတော့ မွေးထုတ်မှာဖြစ်ပါတယ်။ အလုပ်ခွင်မှာလေ့ကျင့်ရင်း၊ သင်ကြားရင်းနဲ့လုပ်ရင်တော့ အန္တရာယ်ရှိ မယ့် လုပ်ငန်းမျိုးဖြစ်တော့ ကျွန်တော်တို့ ဒီဟာလည်းအထူး ဂရုစိုက်ပြီးဆောင်ရွက်လျက်ရှိပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ကပစ္စည်းဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ ဈေးသက်သာတဲ့ပစ္စည်း တွေကို သုံးစွဲလာတာအားလုံးအသိဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများလည်း ကိုယ့်အိမ်မိသားစု ထဲမှာ ပြန်ကြည့်လို့ရှိရင် ကိုယ်လည်းပဲရံဖန်ရံခါမှာဈေးသက်သာရာတွေကို သုံးမိတဲ့အခါလည်းရှိတတ်

ပါတယ်။ ရှိတော့ ဘာဖြစ်မလဲဆိုတော့ နှစ်မျိုးဖြစ်ပါတယ်။ တစ်မျိုးကတော့ ကျွန်တော်တို့ မကြာခင်မှာ ပြဌာန်းမယ့် လျှပ်စစ်ဥပဒေမှာဘာပါလာမလဲဆိုတော့ ဒီပစ္စည်းတွေရဲ့ အရည်အသွေးတွေကို ဖော်ပြပြီး တော့မှပစ္စည်း အရည်အသွေးမကောင်းတာတွေမသုံးဘူးဆိုပြီးတော့ ကျွန်တော်တို့လုပ်တော့မှာဖြစ်ပါ တယ်။ အခုလည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဝယ်ယူဖြည့်တင်းတဲ့ ပစ္စည်းတွေမှာလည်းပဲ အဓိက ပစ္စည်းတွေအကုန်လုံးကို အရည်အသွေးပြည့်သောပစ္စည်းများအဖြစ်နဲ့ အခုဝယ်ယူတင်သွင်းနေပြီ ဖြစ်ပါတယ်။ တင်သွင်းတဲ့အတွက်ကြောင့်မို့လို့ လိုအပ်တဲ့ ကုန်ကျစရိတ်ကလည်း ပိုလာတာတွေ့ရှိရပါ တယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ အိမ်တွေထဲမှာဖြစ်ပါတယ်။ အိမ်တွေထဲမှာ လျှပ်စစ် အန္တရာယ်ကင်းရှင်းဖို့ကတော့ သွယ်တန်းထားတဲ့ အိမ်ထဲမှာရှိတဲ့ ပစ္စည်းတွေဟာ ကာလကြာနေလို့ ရှိရင်လည်း လဲဖို့လိုသလို စျေးပေါပေါနဲ့ဖြစ်သလိုဆွဲထားတဲ့ ပစ္စည်းတွေဆိုလို့ရှိရင်လည်း ကျွန်တော် တို့က စိစစ်တဲ့အခါ မှာဝင်ရောက်စိစစ်တာတွေလည်း လျှပ်စစ်ဥပဒေနဲ့အညီလုပ်တော့မှာ ဖြစ်ပါတယ်။ လုပ်တဲ့အခါကျလို့ရှိရင် သက်ဆိုင်ရာပြည်သူတွေကလည်းပဲ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှသာလျှင် ဒီအသက်အန္တရာယ် ကင်းရှင်းရေးကအောင်မြင်မှာ ဖြစ်ပါကြောင်းတင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အနေနဲ့ ဆက်စပ်မေးခွန်းမေးမြန်းလိုပါတယ်။ အခုလျှပ်စစ်ဝန်ကြီးဌာနက ဖြေကြားသွားတဲ့အဖြေ တွေကို တော်တော်များများလည်း ကျွန်တော်တို့ အပြင်မှာပြောနေတဲ့ လျှပ်စစ်ဝန်ကြီးဌာနက တာဝန် ရှိသူတွေက မီဒီယာတွေကို အကြိမ်ကြိမ်ပြောနေတဲ့ စကားတွေနဲ့ တစ်ထပ်တည်းပဲတွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ထူးထူးခြားခြား သိချင်တာကဒီပထမမေးခွန်းမှာထိခိုက်နစ်နာဆုံးရှုံးမှု၊ အသက်ဆုံးရှုံး မှုများအတွက် မည်ကဲ့သို့ တာဝန်ယူတာဝန်ခံဆောင်ရွက်မယ်ဆိုတဲ့ ဥစ္စာကိုမေးတဲ့အခါမှာလည်း လူမှုရေးစောင့်ရှောက်မှုများလုပ်နေတယ်ဆိုတာ ဘယ်လောက်အတိုင်းအတာထိ စောင့်ရှောက်တယ် ဆိုတာမသိရပါဘူး။

ဒုတိယမေးခွန်းအနေနဲ့က ဒီလျှပ်စစ်အန္တရာယ်ကြောင့် ပြည်သူများနောက်နောင် ဘေး အန္တရာယ်ကင်းရှင်းစွာနေထိုင်နိုင်ရေးအတွက် စနစ်တကျထိန်းသိမ်း ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ကျွန်တော့်အနေနဲ့ အခုလိုမေးရတာကစောစောကဝန်ကြီးဌာနကဖြေသွားတဲ့အခါမှာဒီ Quality မမီတဲ့ ပစ္စည်းတွေကို ပြည်သူတွေကသုံးကြတယ်။ ဒီ Quality မမီတဲ့ ပစ္စည်းတွေကိုဘယ်ကနေဘယ်လို

ခွင့်ပြုချက်တွေနဲ့သုံးစွဲခွင့်၊ တင်သွင်းခွင့်တွေခွင့်ပြုထားတာလဲ။ ဒီ Quality တွေတိုင်းတာဖို့ အတွက်ကို တာဝန်ရှိတဲ့ အဖွဲ့အစည်းတွေက တာဝန်ယူရမှာဖြစ်ပါတယ်။ ပြီးတော့ အခုဆောင်ရွက်တဲ့အခါမှာ ငွေအား၊ လူအား၊ ပစ္စည်းဆိုတဲ့အားတွေကို ထည့်ပြောသွားပါတယ်။ အခုဖြေသွားတဲ့အနေအထားက၊ လျှပ်စစ်ဝန်ကြီးဌာနက လျှပ်စစ်နဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်တာ အခုမှအသစ်ဆောင်ရွက်ရတဲ့ ပုံစံမျိုး ဖြေသွားတာလို့ ကျွန်တော့်အနေနဲ့ အဲ့လိုမြင်ပါတယ်။ လျှပ်စစ်ဌာနက ဟိုးအရင်ကတည်းက ရှိခဲ့တာပါ။ အစိုးရခေတ်အဆက်ဆက်ရှိခဲ့တာပါ။ အခုကျတော့မှပဲ လုံးဝမကောင်းတော့တဲ့ အခြေအနေမျိုးထိ ပြောသွားတာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြောလိုတာက အရင်အဟောင်းတွေကိုလည်း ထိုက်သင့်သလောက်သုံးကြရမှာဖြစ်ပါတယ်။ ဒါပေမယ့် အသစ်ကို အစားထိုးသွားတဲ့အခါမှာလည်း မျှခြေ၊ နိုင်ခြေ၊ အင်အားရှိတဲ့ အခြေအနေမျိုးနဲ့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အခု ပြုတ်ကျနေတဲ့၊ ပြတ်ကျနေတဲ့ ဖြစ်စဉ်ကို ကျွန်တော်စောစောကပြောပြီးပါပြီ။ ဓာတ်ကြိုးအသစ်၊ ဓာတ်ကြိုးအကြီးစားကြီးတွေဟာ ပြတ်ကျတာ ကျွန်တော်အဲ့လိုတွေးပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းမေးပါ။ မေးခွန်းမဟုတ်တာတွေမပြောပါနဲ့။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ပါခင်ဗျား။ အဲ့တော့ ကျွန်တော့်အနေနဲ့ ဒီဟာနဲ့ပတ်သက်ပြီးတော့ နောင်ဘေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ဖို့ အစီအမံ၊ တာဝန်ယူနိုင်မှုနှင့် ပတ်သက်ပြီးတော့မှ ထိန်းသိမ်းဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ ကျွန်တော် တင်ပြသွားတဲ့ အထဲမှာ ပြည်သူတွေက ပေါ့ပေါ့ သုံးလို့လို့ ဒါ ဆိုလိုခြင်းမဟုတ်ပါဘူး။ ကျွန်တော်တို့ ခေတ်ကာလတစ်ခုမှာ အရေးပေါ်ဆောင်ရွက်ခဲ့တာတွေဟာ အလျင်အမြန်ပြီးစီးရေးဆောင်ရွက်တဲ့အခါမှာ အချိန်ယူလုပ်ရတာတွေရှိတယ်။ ရတဲ့ငွေနဲ့လုပ်ရတာရှိတယ်။ တစ်လောတုန်းကလည်း ကျွန်တော် ဒဂုံမြို့သစ်မှာ Transformer တွေမပေါက်ဖူးတာတွေမရှိပါဘူး။ ကြိုးတွေမပြတ်ကျတာမှန်ပါတယ်။ ဒဂုံမြို့သစ်စခဲ့ရတဲ့အခြေအနေမျိုးကိုလည်း အဲ့ဒီဒေသမှာ၊ အဲ့ဒီအချိန်မှာရှိခဲ့တဲ့၊ တာဝန်ထမ်းဆောင်ခဲ့ရတဲ့ ပုဂ္ဂိုလ်တွေနဲ့ လက်တွေ့မြင်ရတဲ့ပုဂ္ဂိုလ်တွေကလည်း အားလုံးအသိဖြစ်ပါတယ်။ ဒါမျိုးနမူနာ ကျွန်တော်လည်း တင်ပြခဲ့ပြီးသား တစ်ကြိမ်ရှိပါတယ်။ အခုလည်း စောစောက ကျွန်တော်တင်ပြတဲ့ထဲမှာ ရန်ကုန်မြို့တော်မှာ ဓာတ်အားဟာ နှစ်စဉ်တိုးတက်သုံးစွဲနေတယ်။ ဒါပေမယ့် ဒီနေရာမှာတင်ကို မိသားစုနှစ်စု လောက်ရှိတာကနေပြီးတော့ မိသားစု ၁၆ စုထိရှိပါတယ်။ ဒါပေမယ့် မိသားစု ၁၆ စုကလည်း တစ်အိမ်ထဲလားဆိုတော့ မဟုတ်ပါဘူး။ နောက်ထပ် ဒါကိုယ့်အစီအစဉ်နဲ့ ကိုယ်နိုင်ငံတော်ဖွံ့ဖြိုးလာတာတွေ

ရှိပါတယ်။ အဲ့ဒီဖွံ့ဖြိုးလာတဲ့နိုင်ငံတော်ရဲ့ အခြေအနေနဲ့ လိုက်လျောညီထွေ ကျွန်တော်တို့က Input တွေထည့်ပေးနိုင်ဖို့ဆိုတာ Parallel ဆိုတာ ကျွန်တော်တို့မှာလည်း ဒါ အခက်အခဲတွေအများကြီး ရှိပါတယ်။ စောစောတုန်းက ကျွန်တော်တင်ပြတဲ့ အခက်အခဲထဲမှာလည်း ပါပါတယ်။ ငွေကြေးအခက်အခဲ၊ ပစ္စည်းအခက်အခဲ၊ လူအခက်အခဲဆိုတာ သုံးမျိုးတင်ပြတာရှိပါတယ်။ ပထမငွေကြေးအခက်အခဲကတော့ ကျွန်တော်တို့က အခုချိန်မှာ ရန်ပုံငွေတွေ အလုံးလိုက်၊ အရင်းလိုက် ကျွန်တော်တို့ ချက်ချင်းကြီး ပုံအောပေးလို့လည်းပဲ ဒီဟာတွေအားလုံးကို တစ်နှစ်ထဲပြီးအောင်လည်း၊ နှစ်နှစ်ထဲပြီးအောင်လည်း၊ သုံးနှစ်အတွင်းအာမခံ၊ လေးနှစ်အတွင်းအာမခံဆိုတာ ဒါအခက်အခဲတွေ အများကြီးရှိပါတယ်။ ဘာလို့လဲဆိုတော့ ဒါနည်းပညာပိုင်းဆိုင်ရာတွေလည်းပါသလို ကျွန်တော်တို့က အချိန်ယူဆောင်ရွက်ရတာတွေလည်းပါတယ်။ မီးပိတ်ပြီးလုပ်ရတာတွေလည်းရှိတယ်။

နောက်ဆုံးပိတ် ကုန်ကုန်ပြောရရင် မီးပိတ်တာတောင်မှ ကျွန်တော်တို့ အချိန်နဲ့ရွေးပြီးတော့မှ Saturday ပိတ်ရမလား၊ Sunday ပိတ်ရမလား စသဖြင့် ကျွန်တော်တို့ ရွေးချယ်ပြီးတော့မှ ဆောင်ရွက်ရတာတွေလည်းရှိပါတယ်။ အများထိခိုက်မှာကိုလည်း ကျွန်တော်တို့က ကြည့်ရှုရတဲ့သဘောတွေလည်းရှိပါတယ်။ ဒါ့ကြောင့်မို့လို့ အချိန်နဲ့ပြောရလို့ရှိရင်တော့ ကျွန်တော်တို့ ပြီးခဲ့တဲ့အပတ်ကပဲ ၁၄ ရက်နေ့က ကျွန်တော်တို့ ဒီအမျိုးသားလွှတ်တော်မှာ အဆိုတစ်ခုတင်သွင်းပါတယ်။ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအပေါ်မှာ တိုက်တွန်းကြောင်းအဆို အမျိုးသားလွှတ်တော်ကနေပြီးတော့ ကျွန်တော်တို့ တင်သွင်းတဲ့အခါ ကျွန်တော်ပဲ သေချာအသေးစိတ်သွားရောက်ပြီးတော့ ရှင်းလင်းတင်ပြခဲ့ပါတယ်။ အဲ့ဒီတင်ပြတဲ့အဆိုလည်းပဲ၊ ပြည်ထောင်စုအစိုးရအပေါ်မှာ တိုက်တွန်းကြောင်းအဆိုလည်းပဲ ကျွန်တော်တို့က အဆိုကို ၁၄၈ ဦးကနေပြီးတော့ နှစ်မဲကန့်ကွက်၊ ငါးမဲကြားနေနဲ့ ကျွန်တော်တို့အဆိုအောင်ခဲ့တာရှိပါတယ်။ အဲဒီ့အတွက်လည်းပဲ ကျွန်တော်တို့က အစီအစဉ်တကျ ဒီအဆိုပေါ်မှာလည်း လေးလေးနက်နက်ဆောင်ရွက်သလို၊ မိမိမူလဆောင်ရွက်မယ့် တာဝန်တွေကိုလည်းပဲ လေးလေးနက်နက် ဆောင်ရွက်ဖို့အတွက် ကျွန်တော်တို့ မူလအစီအစဉ်ထက်ပိုပြီးတော့ အရှိန်အဟုန်မြှင့်ပြီးတော့ ဆောင်ရွက်ဖို့လည်း အစီအစဉ်ရှိပါတယ်။

ဒါကြောင့်မို့လည်း ကျွန်တော်တင်ပြခဲ့သလို၊ လူကိုလည်း Training ပေးရသလို၊ ငွေကိုလည်း လောက်အောင်ထည့်ရသလို၊ ပစ္စည်းပစ္စယကိုလည်း ကောင်းအောင်သုံးစွဲရဖို့အတွက် ကျွန်တော်တို့ ဓာတ်အားလိုင်းပစ္စည်းတွေကိုလည်း ပစ္စည်းကောင်းအောင်သုံးစွဲရသလို၊ လူတွေလုပ်တာကို သေချာအောင်ကလည်း ကျွန်တော်တို့က လူလူချင်းပြန်ကြီးကြပ်တာတို့၊ အခါအားလျော်စွာ စစ်ဆေးတာတို့

တွေလည်း ကျွန်တော်တို့ တိုးတက်ပြီးတော့ ဆောင်ရွက်သွားပေးမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီပစ္စည်းတွေ အရည်အသွေးမကောင်းတာတွေ ဘယ်သူတွေက ခွင့်ပြုတာလဲဆိုတာ ကျွန်တော်တို့ ဒါဥပဒေနဲ့ ဆိုင်ပါတယ်။ ကျွန်တော်တို့ ဒီဥပဒေကို ပြည်သူ့လွှတ်တော်မှာ၊ ပြည်ထောင်စု လွှတ်တော်မှာ၊ အမျိုးသားလွှတ်တော်မှာ အားလုံးအတည်ပြုလိုက်လို့၊ ပြဋ္ဌာန်းလို့ ဒါနိုင်ငံတော်က မကြာခင်ထုတ်ပြန်တော့မှာ ဖြစ်ပါတယ်။ အဲ့ဒီတော့ အဲ့ဒီအချိန်ကျလို့ရှိရင် ကျွန်တော်တို့ တိကျတဲ့ အရေးယူမှု Action တွေ အနီးစပ်ဆုံး ကျွန်တော်တို့ အတိကျဆုံး ဆောင်ရွက် နိုင်တဲ့ နည်းဥပဒေတွေပါ ကျွန်တော်တို့ တစ်ပါတည်းရေးဆွဲပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေဆိုခြင်းအစီအစဉ်ပြီးဆုံးပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေး တင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်တွင် စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော မြန်မာ့ကျောက်မျက် ရတနာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို ၁-၈-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ယင်းဥပဒေ ကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်း ဒေသကြီး၊ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီဝင် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့အစီရင်ခံစာကို ကော်မတီ၏ တာဝန်ပေးချက်အရ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပေးပို့လာ သော မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ-

**မူကြမ်း**

၁။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းထွန်း (ဥက္ကဋ္ဌ၊ သတ္တုနှင့်သယံဇာတရေးရာကော်မတီ)က တင်သွင်းသော မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၄.၁၁.၂၀၁၃ ရက်နေ့တွင် တင်သွင်းခဲ့ပြီး ၃၁.၇.၂၀၁၄ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ပြင်ဆင်ရေးဆွဲခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) မြန်မာ့ကျောက်မျက်ရတနာဥပဒေ မူလပြဋ္ဌာန်းချက်များ၏ လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ထားပြီး လိုက်လျောညီထွေ ဖြစ်စေရန်နှင့် ပိုမိုပြည့်စုံစေရန်၊

(ခ) မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီနှင့် ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေး လုပ်ငန်းကော်မတီများကို မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ဖွဲ့စည်းပြီး ကျောက်မျက်ရတနာလုပ်ကွက်များ စနစ်တကျ လုပ်ကိုင်ခွင့် ချထားပေးနိုင်ရန်၊

(ဂ) ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းမှ နိုင်ငံအတွက် ရရှိမည့် ရတနာခွန်နှင့် အခကြေးငွေများ အပြည့်အဝရရှိစေရန်။

၃။ ထို့အပြင် ပြည်ထောင်စုအစိုးရ သတ္တုတွင်းဝန်ကြီးဌာန၏ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးဆောင်ရွက်လျက်ရှိသည့် ဤဥပဒေကြမ်းနှင့်အတူ ပူးပေါင်းဆွေးနွေးထားသည်ကို လေ့လာစိစစ် တွေ့ရှိရပါသည်။

၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

( ၁) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် (၄၄) ချက်ကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ သဘောတူလက်ခံခဲ့ပါသည်။

( ၂) အပိုဒ် ၂ အပိုဒ်ခွဲ(က)ရှိ ဆိုဒါလိုက် အမ်ဖီဗိုးအုပ်စုကို စကားရပ်ကို ဆိုဒါလိုက် သို့မဟုတ် အမ်ဖီဗိုး အုပ်စုဝင်ကျောက်များကိုဟုလည်းကောင်း၊ အစိုးရအဖွဲ့ စကားရပ်ကို ပြည်ထောင်စုအစိုးရအဖွဲ့ဟုလည်းကောင်း ပြင်ဆင်ပါသည်။

( ၃) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ရှိ ပုဒ်မခွဲ(ဃ)တွင် ပါရှိသော လက်ဝတ်ရတနာ မပြုလုပ်ရသေးသော စကားရပ်ကို ပယ်ဖျက်ပါသည်။

( ၄) အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)ရှိ ပုဒ်မခွဲ(ဂ) ကို ပုဒ်မခွဲ(င)အဖြစ် ပြင်ဆင်ပြီး တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

( ၅) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)ရှိ ပုဒ်မခွဲ(စ)ကို ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်း ဆိုသည်မှာ ကျောက်မျက်ရတနာကို အသုံးပြု၍ ပြုလုပ်ထားသော ပစ္စည်း သို့မဟုတ် ကျောက်မျက်ရတနာ ပါဝင်သော ပစ္စည်းကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

( ၆) အပိုဒ် ၂ အပိုဒ်ခွဲ(စ)ရှိ ပုဒ်မခွဲ(ဈ)ကို လိုင်စင်ဆိုသည်မှာ ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ ဆိုင်ခန်း ဖွင့်လှစ်၍ မြန်မာကျပ်ငွေ သို့မဟုတ် နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ ရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်နိုင်ရန်သော်လည်းကောင်း၊ ကျောက်မျက်ရတနာ အချောထည် ပြုလုပ်ရောင်းချခြင်းလုပ်ငန်းကိုဖြစ်စေ၊ လက်ဝတ်ရတနာ ပြုလုပ်ရောင်းချခြင်းလုပ်ငန်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့်ပြုလုပ်သော ပစ္စည်းပြုလုပ်ရောင်းချခြင်း လုပ်ငန်းကိုဖြစ်စေ လုပ်ကိုင်နိုင်ရန်သော်လည်းကောင်း ဤဥပဒေအရ ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

( ၇) ဤဥပဒေကြမ်းရှိ အပိုဒ် ၁၅၊ အပိုဒ် ၁၈ နှင့် အပိုဒ် ၂၀ တို့တွင်ပါရှိသော မြန်မာငွေ ဆိုသည့် စကားရပ်ကို မြန်မာကျပ်ငွေ ဟုလည်းကောင်း၊ နိုင်ငံခြားငွေ ဆိုသည့် စကားရပ်ကို နိုင်ငံခြားသုံးငွေဟုလည်းကောင်း ပြင်ဆင်ပါသည်။

**မူကြမ်း**

( ၈) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)ရှိ ပုဒ်မခွဲ(ည)တွင် ပါရှိသော ကျောက်မျက်ရတနာ ထုတ်လုပ်ရောင်းချသည့်အပေါ်တွင်ဖြစ်စေ စကားရပ်ကို ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းအတွက် ဖြစ်စေဟု ပြင်ဆင်ပါသည်။

( ၉) အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)ရှိ ပုဒ်မခွဲ(ဠ) တွင် ပါရှိသော ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီအသင်း၊ သို့မဟုတ် လိုင်စင်ရရှိသူက မှတ်ပုံတင်ပြီးသည့် စကားရပ်ကို ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက ရတနာခွန် ပေးဆောင်ပြီးသည့် ဟု ပြင်ဆင်ပါသည်။

(၁၀) အပိုဒ် ၂ အပိုဒ်ခွဲ(ည)ရှိ ပုဒ်မ ၂ ပုဒ်မခွဲ(ဠ)ကို ပုဒ်မခွဲ(ဏ) အဖြစ် ပြင်ဆင်ပြီး တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(၁၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဠ) ရှိ ပုဒ်မခွဲ(ဓ)တွင် ပါရှိသော နိုင်ငံသား ကုမ္ပဏီ၊ အသင်းတို့ စကားရပ်ကို နိုင်ငံသားကုမ္ပဏီ သို့မဟုတ် အသင်းတို့ ဟု ပြင်ဆင် ပါသည်။

(၁၂) အပိုဒ် ၂ အပိုဒ်ခွဲ (ဠ) ရှိ ပုဒ်မခွဲ (ဖ) တွင် ပါရှိသော ပုဒ်မ ၂၆ စကားရပ်ကို ပယ်ဖျက်ပါသည်။

( ၁၃) အပိုဒ် ၄ ရှိ ပုဒ်မ ၄ ပုဒ်မခွဲ(ခ)တွင် ပါရှိသော ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည် စကားရပ်ကို အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်စေရမည်ဟု ပြင်ဆင်ပါသည်။

(၁၄) အပိုဒ် ၄ ရှိ ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)တွင် ပါရှိသော အစိုးရဌာန၊ အဖွဲ့အစည်း စကားရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းဟု အသီးသီး ပြင်ဆင်ပါသည်။

(၁၅) အပိုဒ် ၄ ရှိ ပုဒ်မ ၄ ပုဒ်မခွဲ (ဃ) ကို ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေကို ရတနာနယ်မြေအဖြစ် သတ်မှတ်လိုပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် ထိုက်သင့်သော ကာလတန်ဖိုးပေး၍ ဝယ်ယူခြင်း၊ ဥပဒေနှင့်အညီ လွှဲပြောင်းရယူခြင်း ပြုနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၁၆) အပိုဒ် ၄ ရှိ ပုဒ်မ ၄ ပုဒ်မခွဲ (စ) တွင် ပါရှိသော အဆောက်အဦများ စကားရပ်ကို အဆောက်အအုံများ ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၁၇) အပိုဒ် ၅ ရှိ ပုဒ်မ ၄-က တွင် ပါရှိသော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရေး ဆောင်ရွက်ရန်ရှိပါက စကားရပ်ကို စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါက ဟု ပြင်ဆင်ပါသည်။

(၁၈) အပိုဒ် ၇ ရှိ ပုဒ်မခွဲ(က)ကို ခွင့်ပြုမိန့် သက်တမ်းကုန်ဆုံးသည့်အခါတိုင်း ကျောက်မျက်ရတနာလုပ်ကွက်တစ်ခုချင်းအတွက် ခွင့်ပြုမိန့်သက်တမ်းနှင့် ကြမ်းခင်းဈေးနှုန်းတို့ကို ပြန်လည်သတ်မှတ်ပြီး ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရန် အဆိုပြုလွှာ ခေါ်ယူရမည် ဟု ပြင်ဆင်ပါသည်။

(၁၉) အပိုဒ် ၈ အပိုဒ်ခွဲ(ခ)ရှိ ပုဒ်မခွဲ(ဂ)ကို ဖော်ထုတ်လုပ်ကွက်၏ ခွင့်ပြုမိန့် သက်တမ်းကုန်ဆုံးသည့်အခါတွင် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရန် သင့်လျော်ကြောင်းတွေ့ရှိပါက သတ်မှတ်လုပ်ကွက်အဖြစ် ခွင့်ပြုမိန့်သက်တမ်း သတ်မှတ်၍ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရမည် ဟု ပြင်ဆင်ပါသည်။

(၂၀) အပိုဒ် ၉ အဖြစ် မြန်မာ့ကျောက်မျက် ရတနာဥပဒေတွင် ပါရှိသော လုပ်ကိုင်ခွင့် သက်တမ်းဆိုသည့် စကားရပ်ကို ခွင့်ပြုမိန့်သက်တမ်း ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည် ဟု အသစ်ဖြည့်စွက်ပါသည်။

(၂၁) အပိုဒ် ၁၀ ရှိ ပုဒ်မ ၁၅-ခ တွင် ပါရှိသော မြေအသုံးပြု ခွင့်မိန့်ရရှိစေရန် စကားရပ်ကို မြေအသုံးပြု ခွင့်ပြုမိန့် ရရှိစေရန် ဟု ပြင်ဆင်ပါသည်။

(၂၂) အပိုဒ် ၁၂၊ အပိုဒ် ၁၄၊ အပိုဒ် ၂၁၊ အပိုဒ် ၂၃၊ အပိုဒ် ၃၅၊ အပိုဒ် ၃၇ ရှိ ပုဒ်မ ၄၆ ပုဒ်မခွဲ (ဃ)၊ နှင့် အပိုဒ် ၃၉ တို့ကို ပယ်ဖျက်ပါသည်။

(၂၃) အပိုဒ်၊ အပိုဒ်ခွဲများကို ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းတို့ကြောင့် ပြောင်းလဲသွားသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြန်လည် အမှတ်စဉ်ပါသည်။

(၂၄) အပိုဒ် ၁၅ ရှိ ပုဒ်မ ၁၇ တွင် ပါရှိသော မှတ်ပုံတင်ပြီး ဖြစ်လျှင် စကားရပ်ကို မှတ်ပုံတင်၍ ရတနာခွန် ထမ်းဆောင် ပြီးဖြစ်လျှင် ဟု ပြင်ဆင်ပါသည်။

(၂၅) အပိုဒ် ၁၅ ရှိ ပုဒ်မ ၁၇ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲငယ် (၃) တွင် ပါရှိသော ဗဟိုကော်မတီက စကားရပ်ကို ဝန်ကြီးဌာနက ဟု လည်းကောင်း၊ အပိုဒ်ခွဲငယ် (၄) တွင် ပါရှိသော နိုင်ငံခြားသို့ စကားရပ်ကို ပြည်ပသို့ ဟု လည်းကောင်း ပြင်ဆင်ပါသည်။

(၂၆) အပိုဒ် ၁၅ ရှိ ပုဒ်မ ၁၇ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲငယ်(၅) ကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကျင်းပပြုလုပ်သော ကျောက်မျက်ရတနာပြပွဲများ၊ တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနှင့် လိုင်စင်ရ ခွင့်ပြုသည့်ဆိုင်ခန်းများတွင် ရောင်းချခွင့် ရှိသည် ဟု ပြင်ဆင်ပါသည်။

(၂၇) အပိုဒ် ၁၅ ရှိ ပုဒ်မ ၁၇ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲငယ် (၆) နှင့် (၇) တွင် ပါရှိသော နိုင်ငံခြား စကားရပ်ကို ပြည်ပ ဟု ပြင်ဆင်ပါသည်။

(၂၈) အပိုဒ် ၁၆ ရှိ ပုဒ်မ ၁၈ ကို ခွင့်ပြုမိန့်ရရှိသူသည် မှတ်ပုံတင်၍ ရတနာခွန် ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို သယ်ဆောင်ခြင်း သို့မဟုတ် ရောင်းချခြင်းတို့ ပြုလုပ်ရာတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ထုတ်ပေးသော ရတနာခွန် ပေးဆောင်ပေးသည့်အထောက်အထား မူရင်းကို သက်ဆိုင်ရာက တောင်းခံပါက ပြသရမည် ဟု ပြင်ဆင်ပါသည်။

(၂၉) အပိုဒ် ၁၇ ရှိ ပုဒ်မ ၁၉ ကို ခွင့်ပြုမိန့်ရရှိသူသည် ကျောက်မျက်ရတနာအချောထည် သို့မဟုတ် လက်ဝတ်ရတနာ ပြုလုပ်ရောင်းချရာ၌ အသုံးပြုရန် အမှန်တကယ် လိုအပ်သော ကုန်ကြမ်းပစ္စည်းနှင့် ထုတ်လုပ်မှုနှင့်ဆိုင်သော စက်ပစ္စည်းကိရိယာများကိုလည်းကောင်း အကောက်ခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ဖြင့် တင်သွင်းခွင့်ပြုရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လျှောက်ထားခွင့်ရှိသည် ဟု ပြင်ဆင်ပါသည်။

(၃၀) အပိုဒ် ၁၈ ရှိ ပုဒ်မ ၂၀ တွင် ပါရှိသော ခွင့်ပြုမိန့် ရရှိထားသော ကုမ္ပဏီ၊ အသင်းမှအပ စကားရပ်ကို ခွင့်ပြုမိန့် ရရှိသူမှအပ ဟု ပြင်ဆင်ပါသည်။

(၃၁) အပိုဒ် ၁၈ ရှိ ပုဒ်မ ၂၀ ပုဒ်မခွဲ(ခ)ကို ကျောက်မျက်ရတနာအချောထည် ပြုလုပ်ရောင်းချခြင်း၊ လက်ဝတ်ရတနာ ပြုလုပ်ရောင်းချခြင်း သို့မဟုတ် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်း ပြုလုပ်ရောင်းချခြင်းလုပ်ငန်း ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၃၂) အပိုဒ် ၁၉ ရှိ ပုဒ်မ ၂၂ တွင် ပုဒ်မခွဲ(ခ)အဖြစ် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည် ဟု ပြင်ဆင်ပါသည်။

(၃၃) အပိုဒ် ၁၉ ရှိ ပုဒ်မ ၂၂ တွင် ပုဒ်မခွဲ(ဂ) ကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကျင်းပပြုလုပ်သော ကျောက်မျက် ရတနာပြပွဲများ၊ တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနှင့် လိုင်စင်ရခွင့်ပြုသည့်ဆိုင်ခန်းများတွင် ရောင်းချခွင့်ရှိသည် ဟု ပြင်ဆင်ပါသည်။

(၃၄) အပိုဒ် ၂၀ ရှိ ပုဒ်မ ၂၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၃) တွင်ပါရှိသော နိုင်ငံခြားသို့ စကားရပ်ကို ပြည်ပသို့ ဟုလည်းကောင်း၊ နိုင်ငံခြားငွေဖြင့် စကားရပ်ကို နိုင်ငံခြားသုံးငွေ ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(၃၅) အပိုဒ် ၂၀ ရှိ ပုဒ်မ ၂၃ ပုဒ်မခွဲ(ခ) အပိုဒ်ခွဲငယ်(၄) ကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကျင်းပပြုလုပ်သော ကျောက်မျက်ရတနာပြပွဲများ၊ တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနှင့် လိုင်စင်ရ ခွင့်ပြုသည့် ဆိုင်ခန်းများတွင် ရောင်းချခွင့်ရှိသည် ဟု ပြင်ဆင်ပါသည်။

(၃၆) အပိုဒ် ၂၂ ကို အပိုဒ် ၂၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၀။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၂၇။ ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံတင်ပြီးနောက် တန်ဖိုးဖြတ်အဖွဲ့က ပုဒ်မ ၂၆ ပုဒ်မခွဲ (ခ) အရ သတ်မှတ်သော တန်ဖိုးအပေါ် အခြေပြု၍ အောက်ပါ ရာခိုင်နှုန်း အတိုင်း မြန်မာကျပ်ငွေဖြင့် ရတနာခွန် ပေးဆောင်ရမည် -

(က) ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ စိန် ဖြစ်ပါက ၂၀ ရာခိုင်နှုန်း၊

(ခ) ပုဒ်မခွဲ(က)ပါ ကျောက်မျက်ရတနာများမှအပ အခြားကျောက်မျက်ရတနာဖြစ်ပါက ၁၀ ရာခိုင်နှုန်း။

(၃၇) အပိုဒ် ၂၁ အဖြစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၂၈၊ ပုဒ်မ ၂၉၊ ပုဒ်မ ၃၀ နှင့် ပုဒ်မ ၃၁ တို့တွင် ပါရှိသော နိုင်ငံခြားငွေဖြင့် ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည် ဟု အသစ်ဖြည့်စွက်ပါသည်။

(၃၈) အပိုဒ် ၂၂ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၂၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၂ တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(၃၉) အပိုဒ် ၂၄ ရှိ ပုဒ်မခွဲ(ဇ) ကို ကျောက်မျက်ရတနာဈေးကွက် ကျယ်ပြန့် ဖြစ်ထွန်းစေရန် ကျောက်မျက်ရတနာပြပွဲများကို ကျင်းပရန်တင်ပြခြင်းနှင့် ပြည်တွင်းလုပ်ငန်းရှင်များမှ ပြည်ပတွင် ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာပြပွဲများ ကျင်းပခြင်းကို အားပေးကူညီခြင်း ဟု ပြင်ဆင်ပါသည်။

(၄၀) အပိုဒ် ၂၇ ရှိ သတ္တုတွင်းဝန်ကြီးဌာန လက်အောက်ရှိ အခြားဦးစီးဌာန၊ လုပ်ငန်းတစ်ခုခုမှ စကားရပ်ကို သတ္တုတွင်းဝန်ကြီးဌာန လက်အောက်ရှိ သတ္တုတွင်းဦးစီးဌာန သို့မဟုတ် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း တစ်ခုခုမှ ဟု ပြင်ဆင်ပါသည်။

(၄၁) အပိုဒ် ၂၈ ရှိ ပုဒ်မ ၃၈ တွင် ပါရှိသော မြေအသုံးပြု ခွင့်ပြုမိန့်ရရှိသူက ဖြစ်စေ စကားရပ်ကို ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူ၏ကိုယ်စား စီမံအုပ်ချုပ်သူ တစ်ဦးဦးက ဖြစ်စေ၊ မြေအသုံးပြု ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ ဟု ပြင်ဆင်ပါသည်။

(၄၂) အပိုဒ် ၃၁ ရှိ ပုဒ်မ ၄၀-က အဖြစ် စကားရပ်ကို ပုဒ်မ ၄၀၏ အောက်တွင် ၄၀-က အဖြစ် ဟု ပြင်ဆင်ပါသည်။

(၄၃) အပိုဒ် ၃၃ ရှိ ပုဒ်မ ၄၂ ပုဒ်မခွဲ(ခ)ကို ကျောက်မျက်ရတနာအရိုင်းကို ဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကိုဖြစ်စေ လိုင်စင်မရရှိဘဲ ဆိုင်ခန်းဖွင့်လှစ်၍ ရောင်းချခြင်း ဟု ပြင်ဆင်ပါသည်။

(၄၄) အပိုဒ် ၃၄ ရှိ ပုဒ်မ ၄၃ တွင်ပါရှိသော ဤဥပဒေအရ ထုတ်ပြန်သည့် စကားရပ်ကို ပုဒ်မ ၁၆ ပုဒ်မခွဲ (စ) နှင့် စပ်လျဉ်း၍ ထုတ်ပြန်သည့်ဟု ပြင်ဆင် ပါသည်။

(၄၅) အပိုဒ် ၃၇ အဖြစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၄၉ ကို ပယ်ဖျက်ပါသည် ဟု အသစ်ဖြည့်စွက်ပါသည်။

(၄၆) အပိုဒ် ၄၀ ရှိ ပုဒ်မ ၅၁ တွင် ပါရှိသော အစိုးရအဖွဲ့ စကားရပ်ကို ပြည်ထောင်စု အစိုးရအဖွဲ့ ဟု ပြင်ဆင်ပါသည်။

(၄၇) အပိုဒ် ၄၁ ရှိ ပုဒ်မ ၅၄ ပုဒ်မခွဲ(ဂ) တွင်ပါရှိသော ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည် စကားရပ်ကို ညွှန်ကြားချက်များကို သတ္တုတွင်းဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ပါသည်။

၆။ သို့ဖြစ်ပါ၍ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၃၁-၁၀-၂၀၁၄ ရက် (သောကြာနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့တွင် တင်သွင်းခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေရှိမည့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်ရဲ့အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးခြင်းများကို ဆက်လက်ဆောင်ရွက်သွားပါမယ်။

**ဥက္ကဋ္ဌ။** ။ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဖြိုးဇေယျာသော်(ပုဗ္ဗသီရိမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ Power Point Presentation နဲ့ရှင်းလင်းခွင့်ပြုပါရန် အရင်ဦးဆုံး တင်ပြတောင်းခံချင်ပါတယ်။ ကျွန်တော့်အနေနဲ့ ရွေးကောက်ပွဲစနစ်လေ့လာသုံးသပ်ရေးကော်မရှင်ရဲ့အစီရင်ခံစာအပေါ်မှာ ဝေဖန်ချက်တွေ၊ သုံးသပ်ချက်တွေနဲ့ တင်ပြသွားမှာပါ။ ကော်မရှင်ကရွေးကောက်ပွဲနည်းလမ်း(၈)ခု လွှတ်တော်ထဲကိုတင်သွင်းလာပါတယ်။ တင်သွင်းလာတဲ့နည်းလမ်း (၈)ခုထဲမှာ သေချာလေ့လာကြည့်မယ်ဆိုရင်တော့ မဲများသူအနိုင်ယူစနစ်၊ အချိုးကျကိုယ်စားပြုစနစ် နောက်ပြီးကျတော့ ဒီစနစ်နှစ်ခုပေါင်းတဲ့ MMP စနစ် ဒီစနစ်သုံးမျိုးကသာ ရွေးကောက်ပွဲစနစ်တွေဖြစ်ပြီး ကျန်တဲ့နည်းလမ်း ၅၊ ၆၊ ၇၊ ၈ ကတော့ Election Design ဒီဇိုင်းတွေ၊ ရွေးကောက်ပွဲပုံစံတွေပဲဖြစ်တယ်လို့ ဒီလိုပဲသတ်မှတ်ရမှာဖြစ်ပါတယ်။ စနစ်နဲ့ပုံစံရဲ့ကွာခြားမှုကိုတော့ အချိန်ကိုငဲ့ညှာသောအားဖြင့် ကျွန်တော်ဆက်ပြီးတော့ မဆွေးနွေးတော့ပါဘူး။ ကျွန်တော် အဓိက ဆွေးနွေးသွားမှာကတော့ ရွေးကောက်ပွဲနည်းလမ်း (၃)၊ အဲ့ဒါကတော့ မဲများသူအနိုင်ယူစနစ်နဲ့ အချိုးကျကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ထားတဲ့ Mixed Member Proportion ဒီစနစ်ပေါ်မူတည်ပြီးသွားတော့ ဒီစနစ်ရဲ့အားနည်းချက်တွေကို ကျွန်တော့်အနေနဲ့ ဝေဖန်ထောက်ပြသွားမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲနည်းလမ်း(၃)ဆိုပြီးတော့ ကော်မရှင်ကတင်ပြလာတဲ့အထဲမှာ ကျွန်တော်အခု နမူနာပြထားတဲ့ပုံစံလေး (က)မဲဆန္ဒနယ်မှာ ဆိုရင် (B)ပါတီကို ကိုယ်စားပြုတဲ့ ဦးနီဟာ မဲ ၅၀ ရာခိုင်နှုန်းကျော် အနိုင်ရရှိတဲ့အတွက် မဲများသူအနိုင်ယူစနစ်မှာအကျုံးဝင်တယ်လို့ ကော်မရှင်ရဲ့နည်းလမ်းအရ ဖော်ပြ

ထားပါတယ်။ သူ့ရဲ့နိုင်မဲ၊ ရှုံးမဲတွေကို ထပ်ပြီးတော့ရေတွက်စရာ၊ ထပ်ပြီးပေါင်းစရာ မလိုတော့ဘူးလို့ ကော်မရှင်ရဲ့အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ဒါပေမယ့် အခု ကျွန်တော် နမူနာပြထားတဲ့ (ခ)မဲဆန္ဒနယ်နဲ့ (ဂ)မဲဆန္ဒနယ်တွေ ဒီမှာဆိုလို့ရှိရင် တော့ ခိုင်လုံမဲ ၅၀ ရာခိုင်နှုန်းမကျော်တဲ့မဲဆန္ဒနယ်မြေတွေ ဖြစ်တဲ့အတွက် ကိုယ်စားလှယ်တွေရတဲ့ မဲတွေကိုပေါင်း၊ ပါတီမဲအဖြစ်ပြောင်းပြီး တစ်နေရာမှာစု၊ ပြီးရင်တော့ အချိုးကျအနေနဲ့ ကိုယ်စားလှယ် တွေအဖြစ် ထပ်မံရွေးချယ်သွားမယ်လို့ ကော်မတီရဲ့အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာက အစီရင်ခံစာရဲ့စာမျက်နှာ ၁၂ အပိုဒ် ၁၀ နဲ့ အပိုဒ် ၁၁ မှာ ကော်မရှင်က ဖော်ပြထားပါတယ်။ ဒါကဘာလဲဆိုတော့ ရှုံးမဲတွေကိုတော့ ရေတွက်ခြင်းမပြုတော့ပါဘူးလို့ ဖော်ပြ ထားပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ စောကြောစရာရှိတာက ရှုံးမဲတွေကိုပဲ မရေတွက်တာလား။ ဒီလို ဘာဖြစ်လို့ ကျွန်တော်ပြောရသလဲဆိုရင် အကယ်၍ ရှုံးမဲတွေကိုသာ မရေတွက်တယ်။ ဒီမဲဆန္ဒနယ်မြေ မှာ ပါတီတစ်ခုက ကိုယ်စားလှယ်တစ်ဦးဦးဟာ ရှုံးခဲ့ပြီးသားဖြစ်နေပေမယ့် အခြားမဲဆန္ဒနယ်မြေမှာ ရတဲ့မဲတွေကို တစ်နေရာမှာစုပေါင်းပြီး အချိုးကျ ပြန်ခွဲဝေလိုက်မယ်ဆိုရင် အဲ့ဒီပါတီက တစ်နေရာမှာ ရှုံးခဲ့တဲ့ ကိုယ်စားလှယ်ဟာ လွှတ်တော်ထဲကို နောက်ဖေးပေါက်ကဝင်လာပြီး ကိုယ်စားလှယ်အဖြစ် ခုံတွေမှာ လာပြီးထိုင်နိုင်နေမယ်လို့ ဒီလိုပဲယူဆရပါတယ်။ ကျွန်တော် နမူနာပြထားတဲ့နေရာမှာ ကြည့် ပါခင်ဗျာ။ (က)မဲဆန္ဒနယ်မှာ (A)ပါတီကိုကိုယ်စားပြုတဲ့ ဦးဖြူဟာ (B)ပါတီကိုကိုယ်စားပြုတဲ့ ဦးနီကို မဲအပြတ်အသတ်နဲ့ ရှုံးနိမ့်ပြီးသားပါ။ ဒါပေမယ့် အခြားမဲဆန္ဒနယ်မြေတွေမှာရှိနေတဲ့ မဲတွေကိုသာ စုပေါင်းလိုက်ပြီးလို့ (A)ပါတီကအဆိုပြုတဲ့ ကိုယ်စားလှယ်လောင်းစာရင်းမှာ ဦးဖြူဟာသာ ထိပ်ပိုင်း နေရာမှာရောက်နေမယ်ဆိုရင် ဦးဖြူဟာ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ဒီလွှတ်တော် ထဲကိုဝင်ပြီးလာထိုင်နေပါလိမ့်မယ်။ အဲ့ဒီလိုမျိုး ပြည်သူက ထောက်ခံမှုအားနည်းတဲ့သူတွေ၊ ပြည်သူအများစုထောက်ခံမှုမရှိဘဲနဲ့ လူနည်းစုကနေသာ မဲပေးလိုက်တဲ့သူတွေ လွှတ်တော်ထဲကို ဝင်ရောက်လာနိုင်တဲ့အခြေအနေရှိတဲ့အတွက် ဒီရွေးကောက်ပွဲနည်းလမ်း(၃)ကို ကျွန်တော်တို့က ဆန့်ကျင်ရခြင်း၊ ကန့်ကွက်ရခြင်းဖြစ်ပါတယ်။

နောက်တစ်ချက် ကျွန်တော်ပြောစရာရှိပါသေးတယ်။ ရွေးကောက်ပွဲနည်းလမ်း(၃)နဲ့ပတ်သက် လို့၊ ဒါဘာလဲဆိုတော့ မဲဆန္ဒနယ်မြေတစ်ခုမှာ ခိုင်လုံမဲ ၅၀ ရာခိုင်နှုန်း ကျော်တယ်ဆိုရင်တော့ အဲ့ဒီနယ် မြေမှာနေထိုင်တဲ့ ပြည်သူတွေအတွက် သူတို့ရဲ့ကိုယ်စားပြုမှု၊ သူတို့ရဲ့ကိုယ်စားလှယ်ဟာ ဘယ်သူ ဖြစ်တယ်ဆိုတာကိုတော့ တိတိကျကျကို လက်ညှိုးထိုးပြလို့ရနိုင်ပါတယ်။ ဒါပေမယ့် ခိုင်လုံမဲ ၅၀

ရာခိုင်နှုန်း မကျော်တဲ့မဲဆန္ဒနယ်မြေတွေအတွက်ဆိုရင်တော့ အဲ့ဒီနယ်မြေမှာနေထိုင်နေတဲ့ ပြည်သူတွေဟာ သူတို့ရဲ့ရပိုင်ခွင့်အခွင့်အလမ်းဖြစ်တဲ့ သူတို့ရဲ့ကိုယ်စားလှယ်၊ သူတို့ရဲ့ကိုယ်စားပြုသူ ဘယ်သူလဲဆိုတာကို တိတိကျကျဖော်ပြလို့မရပါဘူး။ ဘယ်သူ့ကိုအားကိုးရမှန်း သိမှာမဟုတ်ပါဘူး။ အဲ့ဒီအတွက်ကြောင့်မို့လို့ ပြည်သူရဲ့အမှန်တကယ်ပိုင်ဆိုင်တဲ့ အခွင့်အာဏာဖြစ်တဲ့ ကိုယ်စားပြုခွင့်အာဏာကိုတောင်မှ ဘယ်မဲဆန္ဒနယ်မှာရှိတဲ့ပြည်သူတွေကတော့ ရစေ၊ ဘယ်မဲဆန္ဒနယ်မှာရှိတဲ့ ပြည်သူတွေကတော့ မရစေဆိုပြီးတော့ ပြည်သူတွေရဲ့အခြေခံအခွင့်အရေးတွေကို ခွဲခြားကန့်သတ်တဲ့နည်းလမ်းဖြစ်တဲ့အတွက် ဒီရွေးကောက်ပွဲနည်းလမ်း(၃)ကို ကျွန်တော်တို့ ပြင်းပြင်းထန်ထန်ကန့်ကွက်ရခြင်းပါ။ ရွေးကောက်ပွဲနည်းလမ်း(၄)ကလည်း အတူတူပါပဲ။ ရွေးကောက်ပွဲနည်းလမ်း(၃)နဲ့ မနီးရိုးစွဲ လုပ်ကိုင်ဆောင်ရွက်တဲ့ပုံစံတွေ အချို့တော်တော်များများဆင်တယ်။ ဆင်နေတဲ့ဟာလေးတွေ တွေ့ရပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲနည်းလမ်း(၄)နဲ့ပတ်သက်ပြီးတော့လည်း အဓိကဝေဖန်ထောက်ပြစရာရှိပါတယ်။

အဲ့ဒါက ဘာလဲဆိုတော့ ကော်မတီရဲ့အစီရင်ခံစာ စာမျက်နှာ ၁၅ အပိုဒ် ၉ နဲ့ ကော်မတီရဲ့အစီရင်ခံစာ စာမျက်နှာ ၁၈ အပိုဒ် ၁၁ တို့မှာပါပါတယ်။ အဲ့ဒါက ဘာလဲဆိုတော့ အနိုင်ရရှိတဲ့ကိုယ်စားလှယ်လောင်းရဲ့မဲတွေကိုဖယ် ကျန်ရှုံးမဲတွေကို တစ်နေရာမှာသွားစုပြီးသွားတော့မှ အချိုးကျအနေနဲ့ ပြန်ခွဲပေးမယ်တဲ့။ အဲ့ဒီတော့ မနေ့က ကိုယ်စားလှယ်တစ်ဦးကလည်း ပြောသွားတယ်ဗျ။ အဲ့ဒါက ဘာလဲဆိုတော့ ရွေးကောက်ပွဲစနစ် ဘယ်စနစ်ပဲကျင့်သုံးကျင့်သုံး ပြည်သူအားကိုးတဲ့ပါတီ၊ ပြည်သူယုံကြည်တဲ့ကိုယ်စားလှယ်ဖြစ်ဖို့ဟာ အရေးကြီးတယ်ဆိုတာ မှန်ပါတယ်။ အဲ့ဒီတော့ ဒီရွေးကောက်ပွဲနည်းလမ်း(၄)ကိုသာ ကျင့်သုံးမယ်ဆိုရင် ပြည်သူတွေဘက်က ပြန်ပြီးစောဒကတက်လာစရာရှိတယ်။ အဲ့ဒါကဘာလဲဆိုတော့ ပြည်သူအားကိုးတဲ့ပါတီ၊ ပြည်သူယုံကြည်တဲ့ကိုယ်စားလှယ်ကို ပြည်သူတွေက မဲပုံပေးလိုက်ရင် ငါတို့မဲကိုတော့ တစ်ကြိမ်ပဲရေတွက်ပြီး ကျန်တဲ့မဲတွေကိုတော့ နှစ်ကြိမ်ရေတွက်တာ တရားပါ့မလားလို့ ပြည်သူတွေအနေနဲ့ မေးပါလိမ့်မယ်။ ကျွန်တော်အခု နမူနာပြတဲ့ (ဂ)မဲဆန္ဒနယ်မှာဆိုရင် (B)ပါတီကိုကိုယ်စားပြုတဲ့ ဦးစုဟာ ရာခိုင်နှုန်းအများဆုံးကြီးနဲ့ တောင်ပြိုကမ်းပြိုကို အနိုင်ရရှိမယ့်လူတစ်ယောက်လို့ ကျွန်တော်တို့ ဆိုရမှာပါ။ ဒါပေမယ့် သူ့ရဲ့နိုင်မဲ၊ ရှုံးမဲ သူတစ်ဦးတည်းရရှိတဲ့ နိုင်မဲ၊ ရှုံးမဲတွေကိုတော့ ထပ်မပေါင်းဘဲ ကျန်တဲ့(A)ပါတီ၊ (C)ပါတီ၊ (D)ပါတီ အစရှိသဖြင့် ရှုံးခဲ့တဲ့ပါတီတွေရဲ့မဲတွေကိုတော့ တစ်နေရာမှာသွားစုပေါင်းပြီး ထပ်မံရေတွက်ဦးမယ်ဆိုရင် ရွေးကောက်ပွဲစနစ်တစ်ခုရဲ့အဓိက ဦးစားပေးလုပ်ဆောင်ရမယ့်ကိစ္စဖြစ်တဲ့ လူတစ်ကိုယ်

မဲတစ်ပြားရေတွက်မှုပုံစံ တူညီရမယ်ဆိုတဲ့ ရွေးကောက်ပွဲတစ်ခုရဲ့ပဋိညာဉ်ကို ချိုးဖောက်ရာကျတဲ့အတွက် ဒီနည်းလမ်း(၄)ကို ကျွန်တော်တို့ကန့်ကွက်နေရခြင်းဖြစ်ပါတယ်။

ရွေးကောက်ပွဲဆိုတာဟာ အဓိကအားဖြင့် ပြည်သူတွေနဲ့သက်ဆိုင်ပါတယ်။ ဆန္ဒမဲပေးသူတွေနဲ့သက်ဆိုင်ပါတယ်။ ပြည်သူတွေက ဆန္ဒမဲပေးရွေးချယ်လိုက်လို့သာ ကျွန်တော်တို့တွေဟာ ကိုယ်စားလှယ်အဖြစ် ဒီထိုင်ခုံတွေကို ရောက်လာ၊ ဒီနေရာတွေကို ဝင်လာကြတာပါ။ အဲ့ဒီတော့ ဒီထိုင်ခုံ၊ ဒီနေရာတွေကို ရောက်လာခဲ့ပြီးတော့မှ ရွေးကောက်ပွဲစနစ်တစ်ခုကို ကိုယ့်စိတ်ကြိုက်ပြောင်းမယ်ဆိုလို့ရှိရင်တော့ ပြည်သူကို မျက်နှာမမူရာရောက်နေပါလိမ့်မယ်။ မနေ့ကလည်း ကိုယ်စားလှယ်ကြီးတစ်ဦးကပြောသွားပါတယ်။ ပြည်သူကတောင်းဆိုသည်ဖြစ်စေ၊ မတောင်းဆိုသည်ဖြစ်စေ ပြည်သူအပေါ် အကျိုးရှိမယ်ဆိုလို့ရှိရင်တော့ လုပ်ကိုင်ဆောင်ရွက်ရမှာပဲလို့ ပြောသွားပါတယ်။ ဟုတ်ကဲ့ပါ။ ပြည်သူတွေအနေနဲ့ ဒီ PR System နဲ့ပတ်သက်ပြီး တောင်းဆိုနေတဲ့တောင်းဆိုချက်တွေ ရှိတယ်ဆိုတာကိုယ်စားလှယ်ကြီးအနေနဲ့ သတိမမူခဲ့မိလို့ လို့ ကျွန်တော့်အနေနဲ့ ဒီလိုပဲ ယူဆပါတယ်။ ဒါပေမယ့် ပြည်သူတွေတောင်းဆိုတယ်ဆိုတာကတော့ PR စနစ်ကိုကျင့်သုံးဖို့မဟုတ်ပါဘူး။ PR စနစ်ကို မကျင့်သုံးဖို့ တစ်ခဲနက်ဆန္ဒပြတောင်းဆိုနေတယ်ဆိုတာ ဒီမှာထိုင်နေတဲ့ကိုယ်စားလှယ်တွေအားလုံးလည်း အသိပါ။ အဲ့ဒီတော့ ကျွန်တော် နောက်ဆုံး နိဂုံးချုပ်အနေနဲ့ပြောချင်တာကတော့ အမေရိကားက Black Panther ဆိုတဲ့အဖွဲ့အစည်းတစ်ခုရှိပါတယ်။ ဒီအဖွဲ့အစည်းက သူ့ရဲ့တောင်းဆိုချက်က ဘာလဲဆိုတော့ Power to the People ပြည်သူကိုအာဏာအပ်ပါတဲ့ ကျွန်တော်တို့ဟာ အမှန်တကယ်ဒီမိုကရေစီနိုင်ငံကို ထူထောင်မယ်ဆိုရင် အမှန်တကယ်အာဏာပိုင်စိုးတဲ့ပြည်သူတွေဆီကို အာဏာအပ်မှရပါလိမ့်မယ်။ အဲ့ဒီတော့ လက်ရှိကျင့်သုံးနေတဲ့စနစ်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ မိုက်ပေးပါ။

**ဦးဖြိုးဇေယျာသော်(ပုဗ္ဗသီရိမဲဆန္ဒနယ်)**။ ။ အဲ့ဒီတော့ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် တင်ပြတောင်းဆိုချင်တာကတော့ ရွေးကောက်ပွဲစနစ်တစ်ခုကို ပြုပြင်ပြောင်းလဲမယ်ဆိုရင် အမှန်တကယ်အာဏာပိုင်စိုးတဲ့ ပြည်သူတွေရဲ့လက်ထဲကိုထည့်ပြီး ပြည်သူတွေရဲ့ဆုံးဖြတ်ချက်၊ ပြည်သူတွေရဲ့သဘောထားကို ခံယူပြီးတော့မှသာ ရွေးကောက်ပွဲစနစ်တစ်ခုကို ပြောင်းသင့်/မပြောင်းသင့် စဉ်းစားသင့်ပါကြောင်း တိုက်တွန်းရင်းနဲ့ပဲနိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးရဲထွဋ်တင်၊ ဖာဆောင်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရဲထွဋ်တင်(ဖာဆောင်းမဲဆန္ဒနယ်)။** ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျာ။ လေးစားစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဖာဆောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်တင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေဖြစ်မယ့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာ စေရေးအတွက် ကော်မရှင်ရဲ့အစီရင်ခံစာကို အကြံပြုဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ အချက် အလက်များနှင့် တင်ပြမှာဖြစ်တဲ့အတွက် အချိန်အနည်းငယ်ပိုတာကို ခွင့်ပြုပေးဖို့ ကြိုတင်တင်ပြ တောင်းခံအပ်ပါတယ်ခင်ဗျား။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူများရဲ့ဆန္ဒနှင့်အညီ တိုင်းပြည်ကို စီမံခန့်ခွဲနိုင်ရန် ကမ္ဘာပေါ်မှာရှိတဲ့နိုင်ငံအသီးသီးက ကိုယ့်နိုင်ငံအခြေအနေနဲ့ ကိုက်ညီတဲ့ စနစ်များကို အသုံးပြုပြီး ရွေးကောက်ပွဲများ ပြုလုပ်ကြပါတယ်။ မည်သည့်ရွေးကောက်ပွဲစနစ်ကမှ ပြီးပြည့်စုံတယ်လို့ပြောလို့မရသလို မည်သည့်ရွေးကောက်ပွဲစနစ်က မကောင်းဘူးလို့လည်း ပြောလို့မရ ပါဘူး။ မိမိတို့တိုင်းပြည်အခြေအနေနဲ့ ကိုက်ညီတဲ့စနစ်ဖြစ်ရန်သာ လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ကိုက်ညီတဲ့ ရွေးကောက်ပွဲစနစ်တစ်ခုကို ရွေးချယ်အသုံးပြုဖို့အတွက် အားသာချက်များကို စုစည်း၊ အားနည်းချက်များကို လျှော့ချဖန်တီးဆောင်ရွက်ရမှာဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့နိုင်ငံနဲ့ လိုက်လျောညီထွေဖြစ်မယ့် ရွေးကောက်ပွဲစနစ်တစ်ခု ရွေးချယ်ရာမှာ အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ/မရှိ၊ နိုင်ငံတော်ရဲ့အတိတ်၊ နိုင်ငံရေးသမိုင်းကြောင်း၊ များပြားလွန်းတဲ့တိုင်းရင်းသားမျိုးနွယ်စုများရဲ့ အခွင့်အရေးနှင့် ကိုယ်စားပြုခွင့်၊ အများပြည်သူလိုလားပြီး တည်ငြိမ်အေးချမ်းမှုတသည့် နည်းလမ်း ဖြစ်/မဖြစ်၊ အမျိုးသားအကျိုးစီးပွားကို အဓိကထားပြီး နိုင်ငံတော်နှင့် နိုင်ငံတော်ရဲ့ပါတီစုံ ဒီမိုကရေစီ စနစ်အကောင်အထည်ဖော်နေခြင်းကို အထောက်အကူအများဆုံးပေးရမည့် နည်းလမ်းမျိုးဖြစ်/မဖြစ်၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုကို ထိခိုက်နိုင်ခြင်း ရှိ/မရှိ စသည်တို့ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မရှင်ရဲ့အစီရင်ခံစာပါ ရွေးကောက်ပွဲနည်းလမ်း (၈)မျိုးကို လေ့လာခဲ့ပါတယ်။ အဲ့ဒီထဲက နည်းလမ်း(၄) FPTP နှင့် PR စနစ်ကို ရောနှောပေါင်းစပ်ထား တဲ့ ရွေးကောက်ပွဲစနစ်နှင့် တစ်နည်းအားဖြင့် ၅၀ ရခိုင်နှုန်းအပေါင်းတစ်မဲ မရရှိသော ကိုယ်စားလှယ် များကို အခွင့်အရေးပေးသောစနစ်ကို ရွေးချယ်တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ၎င်းစနစ်ကို

လေ့လာကြည့်ရာမှာ အောက်ပါအတိုင်း တွေ့ရှိရပါတယ်။ မဲဆန္ဒနယ် ၃၃၀ ယခင်အတိုင်း သတ်မှတ်ထားခြင်း၊ မဲဆန္ဒနယ်များက သက်ဆိုင်ရာလွှတ်တော်အလိုက် ယခင်အတိုင်း ဆန္ဒမဲတစ်မဲသာပေးရခြင်း၊ ယင်းသို့ ဆန္ဒမဲပေးရာတွင် ယခင်အတိုင်း ပါတီတံဆိပ် သို့မဟုတ် ကိုယ်စားလှယ်လောင်း၏ အမှတ်အသားတံဆိပ်ကိုပူးတွဲ၍ အမှန်ခြစ်ဆန္ဒမဲပေးရခြင်း၊ ပြည်နယ်ခုနစ်ခုနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအပါအဝင် ၁၂၆ မြို့နယ်ကို မဲဆန္ဒနယ် ၁၂၆ နယ်သတ်မှတ်ပြီး ယခင်အတိုင်း ရွေးကောက်ပွဲကျင်းပခြင်း၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးခုနစ်ခု၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမပါ ၂၀၄ မြို့နယ်ကို မဲဆန္ဒနယ် ၂၀၄ နယ်သတ်မှတ်၍ FPTP နှင့် PR စနစ်တို့ကို ရောနှောထားတဲ့စနစ်နဲ့ ရွေးကောက်ပွဲကျင်းပခြင်း၊ ၅၀ ရာခိုင်နှုန်းအပေါင်း တစ်မဲရရှိသည့် ကိုယ်စားလှယ်လောင်းကိုသာ ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း၊ ၅၀ ရာခိုင်နှုန်း အပေါင်းတစ်မဲရရှိခြင်းမရှိသော ကိုယ်စားလှယ်လောင်းများ၏ မဲဆန္ဒနယ်များတွင် ၎င်းတို့ရရှိသောဆန္ဒမဲများကို ၎င်းတို့ပါတီ၏ ခိုင်လုံမဲများအဖြစ် ပြောင်းလဲသတ်မှတ်ခြင်း၊ ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မဲရရှိသော ကိုယ်စားလှယ်လောင်းကို ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်သည့် မဲဆန္ဒနယ်မြေများရှိ ရွေးကောက်ခံကိုယ်စားလှယ်ရရှိသောမဲမပါ အခြားကိုယ်စားလှယ်လောင်းများရဲ့ ရရှိဆန္ဒနယ်မဲများကို ၎င်းတို့ပါတီ၏ ခိုင်လုံမဲအဖြစ် ပြောင်းလဲသတ်မှတ်ခြင်း၊ ပါတီခိုင်လုံမဲအဖြစ် သတ်မှတ်ထားသည့် ဆန္ဒမဲများစုပေါင်း၍ ပါတီအလိုက်ရရှိသည့် ဆန္ဒမဲရာခိုင်နှုန်းများ တွက်ချက်ခြင်း၊ ကိုယ်စားလှယ်လောင်းများသည် ၅၀ ရာခိုင်နှုန်း အပေါင်းတစ်မဲရရှိခြင်းမရှိ၍ ရွေးကောက်တင်မြှောက်ခြင်း မပြုရသေးသော မဲဆန္ဒနယ်မြေများကို ပါတီများမှရရှိသည့် ဆန္ဒမဲရာခိုင်နှုန်းအလိုက် ရရှိသည့်ကိုယ်စားလှယ်လောင်းအရေအတွက်အတိုင်း တန်းစီဇယားဖြင့် တင်ပြသည့် ကိုယ်စားလှယ်လောင်းများကို ကိုယ်စားလှယ်အဖြစ်ရွေးချယ်ခြင်း၊ ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မဲရရှိသော ကိုယ်စားလှယ်ကို ရွေးကောက်တင်မြှောက်ထားသည့် မဲဆန္ဒနယ်မြေများတွင် ယင်းကိုယ်စားလှယ်နေရာလစ်လပ်ပါက ကြားဖြတ်ရွေးကောက်ပွဲကျင်းပပြုလုပ်ခြင်း၊ ပါတီများမှ အမည်စာရင်းတင်သွင်းသောသူကို ကိုယ်စားလှယ်အဖြစ်ရွေးချယ်တင်မြှောက်ထားသည့် မဲဆန္ဒနယ်များတွင် ကြားဖြတ်ရွေးကောက်ပွဲမပြုလုပ်ခြင်း၊ နိုင်ငံရေးပါတီများ သို့မဟုတ် တစ်သီးပုဂ္ဂလမှ တိုက်ရိုက်ယှဉ်ပြိုင်ရွေးချယ်ခံသည့် ကိုယ်စားလှယ်လောင်းများသည် မိမိတို့ရွေးချယ်ခံသည့် သက်ဆိုင်ရာမဲဆန္ဒနယ်မြေများတွင် စာရင်းသွင်းခြင်းနှင့် ပါတီများ၏ အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးချယ်ခံမည့်ကိုယ်စားလှယ်လောင်းများကို ပါတီတန်းစီဇယားပြုလုပ်၍ တင်ပြရခြင်း။

**မူကြမ်း**

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရွေးကောက်ပွဲစနစ်နဲ့ပတ်သက်ပြီး လေ့လာရမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေတွေကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၊ ပုဒ်မ ၃၈၊ ပုဒ်မ ၃၉၊ ပုဒ်မ ၁၀၉ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၃၆၉၊ ပုဒ်မ ၃၉၁၊ ပုဒ်မ ၃၉၃၊ ပုဒ်မ ၃၉၅၊ ပုဒ်မ ၃၉၇ နှင့် ပုဒ်မ ၄၀၆ ပုဒ်မခွဲ(ခ) တို့ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြခဲ့တဲ့ ရွေးကောက်ပွဲစနစ်နဲ့ပတ်သက်ပြီးတော့ သုံးသပ်ကြည့်ရင် အောက်ပါအတိုင်း တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိခြင်း၊ လက်ရှိကျင့်သုံးနေတဲ့စနစ်အတိုင်းဖြစ်ပါတယ်။ အနည်းငယ်ပြောင်းလဲပြင်ဆင်ထားတာပဲရှိပါတယ်။ ရွေးကောက်ပွဲစနစ်ရွေးချယ်ရန် နည်းလမ်းများနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၇ အရ ပြည်ထောင်စုလွှတ်တော်ကဥပဒေ ပြဋ္ဌာန်းသတ်မှတ်ခွင့်ရှိခြင်း၊ နိုင်ငံတော်ရဲ့ နိုင်ငံရေးအတိတ်သမိုင်းကြောင်းအရ ရွေးကောက်ပွဲစနစ် ပြောင်းလဲရန်လိုအပ်ခြင်း၊ တိုင်းရင်းသားများ၏ ကိုယ်စားပြုခွင့် ပိုမိုရရှိလာနိုင်ခြင်း၊ ဆန္ဒမဲပေးပုံ နည်းစနစ်ပြောင်းလဲမှုမရှိခြင်းကြောင့် အများပြည်သူနားလည်လွယ်ကူပါတယ်။ လက်ရှိအတိုင်း မဲပေးရတဲ့စနစ်ဖြစ်ပါတယ်။ ကွဲလွဲမှုမရှိပါဘူး။ အမျိုးသားအကျိုးစီးပွားကို အဓိကထားပြီး နိုင်ငံတော်ရဲ့ ပါတီစုံဒီမိုကရေစီစနစ် အကောင်အထည်ဖော်နေခြင်းကို အထောက်အကူပြုနိုင်ခြင်း၊ ဒီမိုကရေစီဆိုတာ အများစုရဲ့ဆန္ဒကိုလိုက်နာပြီး အနည်းစုရဲ့ဆန္ဒကို အလေးထားရခြင်း ဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုကို ထိခိုက်နိုင်မှုမရှိခြင်း၊ တိုက်ရိုက်ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများအနေဖြင့် ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မဲရရှိမှသာ ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရမည်ဖြစ်၍ ကြိုးမားစွာကြိုးစားအားထုတ်မှု ပြုလုပ်ကြရမှာဖြစ်ပါတယ်။ အမှန်တကယ်ပြည်သူထောက်ခံမှု များစွာရရှိသူများသာ ကိုယ်စားလှယ်ဖြစ်နိုင်သောကြောင့် မဲဆန္ဒနယ်အတွက် အကျိုးများနိုင်ခြင်းဖြစ်ပါတယ်။ အများစုရဲ့ဆန္ဒကို လိုက်နာရခြင်းလည်း ဖြစ်ပါတယ်။ ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မဲမရရှိသော မဲဆန္ဒနယ်များအတွက် ပါတီကရွေးချယ်ပေးသည့် အရည်အချင်းပြည့်ဝသော ကိုယ်စားလှယ်များအတွက် ကိုယ်စားပြုဆောင်ရွက်နိုင်ခြင်း၊ အနည်းစုရဲ့ဆန္ဒကို အလေးထားခြင်းဖြစ်ပါတယ်။ ပိုမိုရှင်းလင်းလွယ်ကူတဲ့ ရွေးကောက်ပွဲစနစ်ဖြစ်ခြင်းကြောင့် ရှုပ်ထွေးစရာမရှိပါဘူး။ အများစုက အနိုင်ရသူအုပ်ချုပ်နိုင်ပြီး မဲဆန္ဒရှင်ပြည်သူများကို ကိုယ်စားပြုခွင့်ရှိခြင်း၊ လွှတ်တော်အတွင်းသို့ ပါတီစုံကိုယ်စားလှယ်များ ရောက်ရှိလာနိုင်ခြင်းကြောင့် ဒီမိုကရေစီ ပိုမိုပီပြင်လာမှာဖြစ်ပါတယ်။ ပါတီများ အပြတ်အသတ်အနိုင်ရရှိခြင်းမရှိပါက အစိုးရအဖွဲ့အတွင်း ပါတီစုံပါဝင်လာနိုင်ခြင်း၊ ညွန့်ပေါင်းအစိုးရသဖွယ်ဖြစ်လာသော်လည်း အုပ်ချုပ်ရေးမဏ္ဍိုင်

အပေါ် ထိခိုက်မှုမရှိခြင်း၊ ဒီနေရာမှာ အုပ်ချုပ်ရေးမဏ္ဍိုင်ဟာ နိုင်ငံတော်သမ္မတရဲ့ အခွင့်အာဏာဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ထဲက နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများကိုသာ ရွေးချယ်ခြင်းဖြစ်ပါတယ်။ အများစုက လိုလားပြီး တည်ငြိမ်အေးချမ်းတဲ့စနစ်ဖြစ်လာနိုင်ခြင်း၊ System စနစ်တိုင်းမှာ ပုံစံဒီဇိုင်းဆိုတဲ့ အခြေခံပါရှိပါတယ်။ စနစ် (System)သည် ပြောင်းလဲနေမှာ ဖြစ်ပါတယ်။ ပုံစံဒီဇိုင်းကတော့ တည်ငြိမ်နေမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အကြံပြုလိုတာကတော့ ကြားဖြတ်ရွေးကောက်ပွဲကိစ္စဖြစ်ပါတယ်။ ကော်မရှင်ရဲ့တင်ပြချက်အရ ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မဲရရှိတဲ့ ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြောက်ခံရတဲ့မဲဆန္ဒနယ်မှာသာ ၎င်းနေရာလစ်လပ်ပါက ရွေးကောက်ပွဲပြုလုပ်မှာဖြစ်ပြီး ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မဲမရရှိတဲ့ မဲဆန္ဒနယ်တွေမှာ ပါတီတွေက အဆိုပြုတဲ့ အချိုးကျကိုယ်စားပြုကိုယ်စားလှယ်ပဲ ထပ်မံခန့်အပ်မယ်ဆိုတော့ မဲဆန္ဒရှင်များအတွက် မျှတမှုမရှိဘူး လို့ ယူဆမိပါတယ်။ ဒါ့ကြောင့် မည်သည့်ပုံစံနဲ့ ရွေးချယ်ရတဲ့ကိုယ်စားလှယ်ပဲ ဖြစ်ပါစေ။ ၎င်းနေရာ လစ်လပ်ရင် ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်ပေးသင့်ပါတယ်။ ဒါမှသာမဲဆန္ဒရှင်ပြည်သူများကို အလေးထားရာရောက်ပါတယ်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအပါအဝင် ပြည်နယ်ခုနစ်ခုမှလည်း ရွေးကောက်ပွဲစနစ်အသစ်ကို နောင်တစ်ချိန်မှာ တစ်ပြေးညီပြောင်းလဲ ကျင့်သုံးသင့်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မဏ္ဍိုင်ကြီးသုံးရပ်မှာ စိန်ခေါ် မှုများစွာ ကြုံတွေ့နေရတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဥပဒေပြုရေးလွှတ်တော်ဟာ ပြည်သူ့ဆန္ဒကို အလေးထားရမှာဖြစ်ပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ကိုယ်စားလှယ်တွေက ပြည်သူကိုဦးဆောင်သွားရမှာ ဖြစ်ပါတယ်။ တာဝန်ယူပြီး တာဝန်ခံကြရမှာဖြစ်ပါတယ်။ ယခင် တပ်မတော်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဦးရဲထွဋ်တင်(ဖာဆောင်းမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ နိဂုံးချုပ်ပါပြီ။ ယခင် တပ်မတော်အစိုးရ လက်ထက်က လမ်းခင်းပေးခဲ့တဲ့အတွက် ကျွန်တော်အပါအဝင် ကိုယ်စားလှယ်တော်ကြီးများ ယခုလို လွှတ်တော်ကြီးထဲမှာ နိုင်ငံတော်နှင့် အနာဂတ်အတွက် ဆွေးနွေးတိုင်ပင်ဆုံးဖြတ်ခွင့်တွေ ရရှိလာတာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ အသွင်ကူးပြောင်းရေးကာလမှာ သိမ်မွေ့ညင်သာစွာ ဖြတ်သန်းနိုင်ခဲ့တာ မမြော်အမြင်ကြီးမားစွာ ဆောင်ရွက်ခဲ့လို့ဖြစ်ပါတယ်။ အသွင်ကူးပြောင်းရေးကာလ အခက်အခဲကြီးမားပုံတွေကို လစ်ဗျားနိုင်ငံနှင့် အီဂျစ်နိုင်ငံက သက်သေပြနေပါတယ်။ လစ်ဗျားနိုင်ငံက လူဦးရေထက် လက်နက်မျိုးစုံက ၁၀ ဆခန့် များနေပါတယ်။ ပြည်သူများ ကျီးလန့်စာစား ဖြစ်နေရပါ

တယ်။ အာဏာကြောင့် ပြည်တွင်းစစ်ဖြစ်ရတဲ့ ဆီးရီးယားနိုင်ငံ အခြေအနေကို အားလုံးအသိ ဖြစ်ပါတယ်။ ဒါ့ကြောင့် အားနည်းချက်များကို အပြုသဘောနှင့်ထောက်ပြ၊ အားသာချက်များကိုလည်း အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ သက်တမ်းနုနယ်သေးတဲ့ နိုင်ငံရဲ့အရေးကြီးဆုံး အခြေခံဥပဒေကို တောင်ပြင်ဆင်ဖို့ လုံးပန်းနေကြရင် ယခု ရွေးကောက်ပွဲစနစ်ပြင်ဆင်ရေးကို ဘာကြောင့်မပြောင်းလဲနိုင်ရမှာလဲ။ တိုင်းပြည်ကောင်းစားရေးဆိုရင် ရဲရဲကြီးပြောင်းလဲပစ်ရမှာ ဖြစ်ပါတယ်။ ယခု ကျွန်တော်တင်ပြဆွေးနွေးတဲ့ ရွေးကောက်ပွဲစနစ်ကို ထပ်မံဖြည့်စွက်ပြင်ဆင်လိုက်ရင် ကျွန်တော်တို့နိုင်ငံနဲ့ ကိုက်ညီမှုရှိတယ်လို့ ယုံကြည်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ကျွန်တော် တင်ပြလိုတာကတော့ ကျွန်တော်တို့နိုင်ငံဟာ ပထဝီနိုင်ငံရေးအရ အင်အားကြီးနိုင်ငံကြီးနှစ်ခုကြားမှာ တည်ရှိပါတယ်။ တိုင်းရင်းသားမျိုးနွယ်စု ရာကျော်ရှိပါတယ်။ နှစ်ပေါင်း ၆၀ ကျော်ကြာ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားခဲ့ပါတယ်။ တိုင်းရင်း သားမျိုးနွယ်စုလက်နက်ကိုင်တွေ စုပေါင်းလိုက်ရင် အင်အားသိန်းကျော်ရှိပါတယ်။ အင်မတန်စိုးရိမ် စရာကောင်းတဲ့အခြေအနေပါပဲ ငြိမ်းချမ်းရေးအရသာကို မြို့ကြီးတွေမှာ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဦးရဲထွဋ်တင်(ဖာဆောင်းမဲဆန္ဒနယ်)**။ ။ ကိုယ့်နိုင်ငံသား အကျိုးအတွက် ဆောင်ရွက်ကြပါလို့ တိုက်တွန်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန် ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည့်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြီးခဲ့တဲ့ရက်က ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးက စိတ်ဝင်စားဖွယ်ရာ ရွေးကောက်ပွဲစနစ်နဲ့ Design တစ်ခု စတင်ပြီးတော့ အကြမ်းဖျင်း တင်ပြခဲ့တာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဆက်လက်ဆွေးနွေးတဲ့အခါမှာ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး အဆိုပြုတင်ပြ တဲ့ စနစ်နဲ့ Design စနစ်နဲ့နည်းလမ်းကို ဦးဝင်းဦးက တင်ပြပေးဖို့ဖိတ်ခေါ် ပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျာ။ အခုလို ကျွန်တော့်ကို ထပ်မံတင်ပြခွင့်ပြုတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးအား အထူးပဲကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ Power Point နဲ့သာ ဆက်လက်တင်ပြ သွားမှာဖြစ်ပါတယ်။ အခုလို Power Point နဲ့စနစ်တကျတင်ပြနိုင်ဖို့အတွက် တကယ်တော့ ကျွန်တော် ဟာ Computer Keyboard ပေါ်မှာ မြန်မာလိုမရိုက်တတ်ပါဘူးခင်ဗျား။ အဲ့ဒီအတွက်ကြောင့် ကျွန်တော်အကူအညီတောင်းပြီးတော့ ကျွန်တော့်ကိုပံ့ပိုးကူညီပေးခဲ့တဲ့ မနေ့ညက ဆိုရင် ည ၁ နာရီကျော်ထိ ပံ့ပိုးကူညီပေးခဲ့တဲ့ သာပေါင်းမဲဆန္ဒနယ်က ဦးဝင်းသန်းကိုလည်း ကျေးဇူး တင်ရှိကြောင်း ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မနေ့ကတင်ပြသွားတဲ့နေရာမှာ ကော်မရှင်ကနေတင်ပြထားတဲ့ နည်းလမ်း(၃)နှင့် နည်းလမ်း (၄)အပေါ်ကိုမူတည်ပြီးတော့ ကျွန်တော်အားနည်းချက်များဆိုတာလေး ကိုပဲကျွန်တော်တင်ပြခဲ့ပါတယ်။ အဲ့ဒီလိုတင်ပြရခြင်းက ဝေဖန်ခြင်းမဟုတ်ဘဲနဲ့ ဒီအားနည်းချက် ကလေးတွေကို ကျွန်တော်အဆိုပြုတင်ပြတဲ့စနစ်ကို ရောက်လာရင်၊ အဲ့ဒီလို ကျင့်သုံးရင် ဒီအားနည်း ချက်တွေက အားသာချက်တွေဖြစ်သွားနိုင်တယ်ဆိုတဲ့ အပြုသဘောနဲ့တင်ပြခြင်း ဖြစ်ပါတယ်။ အကျဉ်းချုပ် ပြန်လည်တင်ပြရရင် ကျွန်တော်တို့စနစ်တစ်ခုတည်းကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ မကျင့်သုံးနိုင်ဘဲနဲ့ ပြည်နယ်နှင့်တိုင်းဒေသတွေ ခွဲခြားကျင့်သုံးတယ်လို့ ပြည်သူတွေကခံစားနိုင်ဖွယ် ရှိပါတယ်။ နောက်တစ်ခါ ယှဉ်ပြိုင်တဲ့ပါတီတွေအနေနဲ့လည်း ဘယ်နယ်မှာမဆို ၅၀ ရာခိုင်နှုန်း အပေါင်းတစ်မဲ ရလဒ်ထွက်ပေါ်နိုင်ဖို့လည်း အခြေအနေနည်းပါးကြောင်း ကျွန်တော်တင်ပြခဲ့ပြီးပါပြီ။ အဲ့ဒီမှာလည်း စနစ်(၃)နှင့် စနစ်(၄)မှာ ၅၀ အပေါင်းတစ်မဲရတဲ့သူကိုတော့ လွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးကောက်တင်မြှောက်နိုင်မယ်။ ကျန်တဲ့မဲတွေကိုတော့ ခိုင်လုံမဲအဖြစ်ပြောင်းမယ်။ သို့မဟုတ် ၅၀ အပေါင်းတစ်မဲ ရတဲ့မဲကိုပါ ခိုင်လုံမဲအဖြစ်ပြောင်းပြီးတော့ ဒါပါတီတွေကနေ စီစဉ်မယ်ဆိုတဲ့ နေရာမှာ ကျွန်တော်တို့ ဖြစ်နိုင်ခြေရှိတာကတော့ ဒီခိုင်လုံမဲတွေပေါင်းပြီးတဲ့အခါမှာ တိုင်းဒေသကြီးကိုပဲ အခြေပြုပြီးတော့ ပေါင်းပြီးစီစဉ်မှာလား၊ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လုပ်မှာလား ကျွန်တော်တို့မသိ

သေးပါဘူး။ အဲ့ဒီအခါကျရင် ဖြစ်လာနိုင်တာကတော့ အရင်ဆုံးကတော့ ဒီမဲဆန္ဒနယ်မှာလည်း မဲဆန္ဒနယ်ရှင်တွေ အများစုက မဲပေးပြီးရွေးချယ်လိုက်တဲ့ ကိုယ်စားလှယ်သည် သူကိုယ်တိုင်လွှတ်တော်ကိုယ်စားလှယ် ဖြစ်ချင်မှဖြစ်လာနိုင်မယ့်အခြေအနေလည်း ရှိပါတယ်။ အဲ့ဒီလိုဖြစ်လာခဲ့လို့ရှိရင် မဲဆန္ဒနယ်ရှင်များရဲ့မဲများကလည်း ရှုံးသွားတဲ့သဘောဖြစ်နိုင်ပါတယ်။ တကယ်လို့ ဒီလွှတ်တော်ကိုယ်စားလှယ်မဖြစ်လာဘဲနဲ့ အခြားတစ်ယောက်ဖြစ်လာခဲ့မယ်ဆိုရင်လည်း နိုင်ထားပြီးတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ အရှုံးဖြစ်သွားနိုင်ပါတယ်။ အဲ့ဒီနိုင်ထားပြီးသား လွှတ်တော်ကိုယ်စားလှယ်ရဲ့ ပါတီလည်း အရှုံးဖြစ်သွားနိုင်ပါတယ်။ အဲ့ဒီလိုဖြစ်ခဲ့လို့ရှိရင် ကျွန်တော်တို့က Win-Win Saturation မဖြစ်ဘဲနဲ့ Lost-Lost ဖြစ်သွားနိုင်ပါတယ်။

နောက်တစ်ခါ မဲတစ်ကြိမ်ပေးတယ်။ မဲကတော့ တစ်ကြိမ်ပဲပေးတယ်။ သို့သော်လည်း ရလဒ်ကို နှစ်မျိုးစဉ်းစား မယ်ဆိုတဲ့အခါကျတော့ ကျွန်တော်တို့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကန့်သတ်ချက်ကလေးရှိပါတယ်။ ဒီဖွဲ့စည်းပုံအခြေခံကန့်သတ်ချက်နဲ့ညီ/မညီဆိုတာကို တစ်ချိန်မှာဆုံးဖြတ်ပေးတဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေခုံရုံးက ဆုံးဖြတ်လိုက်တဲ့အခါမှာ အဲ့ခါကျမှ ကျွန်တော်တို့လွှတ်တော်ရဲ့အချိန်တွေ အလဟဿ ကုန်သွားမှာလည်းရှိပါတယ်။ နောက်တစ်ခါ ရွေးကောက်ပွဲလုပ်တယ်ဆိုလို့ရှိရင်လည်း ကြားဖြတ်ရွေးကောက်ပွဲကို ဒီနေရာတွေကတော့လုပ်မယ်။ ဒီနေရာတွေကတော့မလုပ်ဘူး။ ခွဲခြားသလိုဖြစ်နေတဲ့အတွက်ကြောင့် မဲဆန္ဒနယ်ရှင်တွေရဲ့ အခွင့်အရေးတွေမတူညီကြောင်း ကျွန်တော်တို့တွေ့ရပါတယ်။

နောက်တစ်ခါ နည်းလမ်း(၃)နှင့် နည်းလမ်း(၄)ဟာ အချိုးကျစနစ်တိုက်ရိုက်မသုံးဘူးလို့ဆိုသည့်တိုင်အောင်ပဲ။ အဲ့ဒီလို PR မသုံးပါဘူးလို့ ပြည်သူလူထုနားလည်လက်ခံနိုင်အောင် ရှင်းလင်းပြဖို့ အချိန်အတော်ယူရဦးမှာဖြစ်ပါတယ်။ ဒါတွေကတော့ အဓိကကျတဲ့အားနည်းချက်ကလေးတွေကိုပဲ ကျွန်တော်တင်ပြတာဖြစ်ပါတယ်။ ကျွန်တော်အခုအဆိုပြုတင်ပြလိုတဲ့စနစ်ကို အခုမှအဆိုပြုရခြင်းကတော့ ကျွန်တော်တို့ကော်မရှင်က သုံးသပ်လေ့လာဆောင်ရွက်နေတဲ့အချိန်မှာ လွတ်လပ်စွာလုပ်နိုင်ဖို့အတွက် ကျွန်တော်တို့အနှောက်အယှက်တွေ ဖြစ်မှာစိုးတဲ့အတွက် ကျွန်တော်တို့ဘက်က တင်ပြနိုင်ခဲ့ခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော် အခုလိုတင်ပြတာကို လက်ခံနားလည်ပေးပါရန် ကျွန်တော်တောင်းပန်ပါတယ်။ ကျွန်တော် အဆိုပြုတင်ပြလိုတဲ့စနစ်ကတော့ စနစ်အသစ်မဟုတ်ပါဘူး။ ယခုလက်ရှိကျင့်သုံးနေတဲ့ FPTP စနစ်ပဲ ဖြစ်ပါတယ်။ အဲ့ဒါနဲ့ပဲ ရွေးကောက်ပွဲတွေ ပြုလုပ်မယ်။ ပြီးတဲ့အခါမှာလည်း မည်သည့်ရာခိုင်နှုန်းနဲ့ဖြစ်စေ မဲအများဆုံးနဲ့အနိုင်ရသူကို ကြီးစဉ်အလိုက် ရွေးချယ်မှု

နည်းလမ်းနဲ့ပဲ ၁၊ ၂၊ ၃၊ ၄၊ ၅ စသဖြင့် ရွေးချယ်သွားရမှာပဲဖြစ်ပါတယ်။ အဲ့ဒီလို ပထမ၊ ဒုတိယ၊ တတိယ ခိုင်လုံမဲရတဲ့ ပုဂ္ဂိုလ်တွေကိုလည်း ရွေးချယ်ပြီးတဲ့အခါမှာ၊ စိစစ်ပြီးတဲ့အခါမှာ စိစစ်တယ်ဆိုတာကတော့ ရွေးကောက် ပွဲကော်မရှင်ရဲ့ နည်းလမ်းတွေ၊ ဥပဒေတွေနဲ့ စိစစ်ပြီးတဲ့အခါမှာတော့ ခိုင်လုံမဲတွေအဖြစ် ပထမရော၊ ဒုတိယရော၊ တတိယရော အနိုင်ရတဲ့ပုဂ္ဂိုလ်များကို ခိုင်လုံမဲများအဖြစ်၊ စိစစ်အတည်ပြု ကြေညာပေးရမှာဖြစ်ပါတယ်။ ဒါလေးအနည်းငယ်ပဲပြောင်းပါတယ်။ အရင်တုန်းကလည်း ဒါတွေ လုပ်ခဲ့ပါတယ်။ အဲ့ဒီတော့ စိစစ်အတည်ပြုပြီးတဲ့အခါမှာ မူလကိုယ်စားလှယ်တွေအဖြစ် အသိအမှတ်ပြု ထားသူတွေဟာ အကြောင်းကြောင်းကြောင့် လွှတ်တော်ထဲရောက်လာပြီးတဲ့အခါမှာ အကြောင်း ကြောင်းကြောင့် အုပ်ချုပ်ရေးဘက်ကို မဏ္ဍိုင်ဘက်မှာ တာဝန်ပေးအပ်ခြင်းခံရခြင်းပဲဖြစ်စေ၊ အခြား အကြောင်းတစ်ခုခုဖြစ်စေ အဲ့ဒီကိုယ်စားလှယ်လစ်လပ်သွားတဲ့နေရာမှာ စောစောက ပထမ၊ ဒုတိယ၊ တတိယ ခိုင်လုံမဲတွေနဲ့ ကြီးစဉ်အလိုက် ရွေးချယ်ထားတဲ့အတိုင်း အလိုအလျောက်လစ်လပ်တဲ့နေရာကို တက်လာရမှာဖြစ်ပါတယ်။ ဒီစနစ်ကလေးကိုပဲ အနည်းငယ်လေး ပြင်တာပဲဖြစ်ပါတယ်။ အရင်တုန်းကလည်း ရွေးကောက်ပွဲကော်မရှင် လုပ်ခဲ့ဖူးပါတယ်။ အကြောင်းကြောင်းကြောင့် ကန့်ကွက် ခံရလို့ မဲကိစ္စတွေဖြစ်လို့၊ ပထမအနိုင်ရရှိတဲ့သူကိုဖယ်လိုက်တဲ့အခါမှာ ဒုတိယအနိုင်ရရှိတဲ့လူက ဒါ အလိုအလျောက် တက်လာပြီးတော့ လွှတ်တော်ထဲရောက်လာတာပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တင်ပြတဲ့ စနစ်က ဘာမှထူးခြားပြီးတော့ ပြောင်းလဲသွားတာမဟုတ်ကြောင်း တင်ပြလိုပါ တယ်။

နောက်တစ်ခါ ဒုတိယအနိုင်ရခဲ့တဲ့လူကလည်း လွှတ်တော်ကိုယ်စားလှယ်အဖြစ် တက်လာခဲ့ ပြီးရင် အကြောင်းကြောင်းကြောင့်ပဲ လစ်လပ်သွားပြန်ရင် တတိယနေရာက ကိုယ်စားလှယ်ကို အသိ အမှတ်ပြုပြီးတော့ ဆက်လက်ပြီးတော့ တင်ပေးဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြိုင်ပွဲတိုင်းမှာတောင်မှ ပြိုင်ပွဲမှာ ၁၊ ၂၊ ၃ ရတဲ့သူတွေကို ဂုဏ်ပြုခံရသေးတာပဲ။ ကျွန်တော်တို့ရွေးကောက်ပွဲကြီးမှာ ပထမ၊ ဒုတိယ၊ တတိယအဆင့်ရတဲ့သူတွေကို လေးစားစွာဂုဏ်ပြုထိုက်တယ်လို့ ကျွန်တော်ယူဆပါတယ်။ တကယ်လို့ အဲဒီ တတိယနေရာမှာ ဆက်လက်လစ်လပ်သွားရင်တော့ မတတ်နိုင်တော့ပါဘူး။ ဒါဆိုရင် တော့ ဒါကြားဖြတ်ရွေးကောက်ပွဲစီစဉ်ပြီး လုပ်လို့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တတိယတောင်မှ မရဘူးဆိုရင်တော့ ကျွန်တော်တို့ ကြိုးစားအားထုတ်မှုနည်းလို့ဖြစ်ပါလိမ့်မယ်။ အဲဒီတော့ ဒီစနစ်ကို ကျွန်တော်တို့ လွှတ်တော်အားလုံး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်အားလုံးမှာ တစ်ပြေးညီ ကျင့်ပသင့်ကြောင်းလည်း ကျွန်တော်တင်ပြပါတယ်။ အဲဒီလိုကျင့်ပ

ခြင်းအားဖြင့် ကျွန်တော်တို့ အားသာချက်တွေကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေ၊ လက်ရှိ ရွေးကောက်ပွဲဥပဒေတွေ ပြင်ဆင်ရန် မလိုတော့ပါဘူး။ ပြည်နယ်နှင့်တိုင်းဒေသကြီးတို့အကြား ခွဲခြား ကျင့်သုံးရန်လည်းမလိုတော့ပါဘူး။ အဲဒီအခါမှာ တိုင်းရင်းသားတွေ၊ ပါတီတွေအားလုံးက စည်းလုံးစွာ ဖြင့် ပြည်သူအားလုံး ပူးပေါင်းပါဝင်လာနိုင်တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

နောက်တစ်ခါ လွှတ်တော်များမှာ တိုင်းဒေသကြီး/ပြည်နယ်အားလုံး၊ လွှတ်တော်အားလုံးမှာ ကိုယ်စားလှယ်တွေဟာ လစ်လပ်မှုမရှိဘူး။ ရာခိုင်နှုန်းပြည့်မီစွာနှင့် လုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။ အဲဒီတော့ ကိုယ်စားလှယ်လစ်လပ်မှုတွေကို ချက်ချင်းပြန်လည်ဖြည့်ဆည်း နိုင်တဲ့အတွက် သက်ဆိုင်ရာ မဲဆန္ဒရှင်များကလည်း သူတို့အတွက် တာဝန်ခံမယ့်ကိုယ်စားလှယ်တွေ ကြာမြင့်စွာလစ်လပ်နေမှုမျိုး ရှောင်ရှားနိုင်မှာဖြစ်ပါတယ်။ အဲဒီလို အခွင့်အရေးရလာခဲ့တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်တွေ ဝင်ရောက်ယှဉ်ပြိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု အရည်အသွေးတွေ ပိုမိုမြင့်မားလာစေနိုင်ပါတယ်။ လွှတ်တော်သက်တမ်းအတွင်းမှာလည်း ခဏခဏကြားဖြတ် ရွေး ကောက်ပွဲတွေ လုပ်စရာမလိုတော့တဲ့အတွက် ဒေသဆိုင်ရာ တည်ငြိမ်အေးချမ်းမှုတွေ ပိုမိုခိုင်မာလာစေ နိုင်ပါတယ်။ မဲဆန္ဒနယ်တစ်နယ်ထဲကပဲ ကိုယ်စားလှယ်တွေကို ဆက်တိုက် ဖြည့်ဆည်းပြီးတော့ ပထမ၊ ဒုတိယ၊ တတိယ စသဖြင့် ဆက်တိုက်ဖြည့်ဆည်းပြီးတော့ လစ်လပ်မှု မရှိအောင် ဆောင်ရွက်နိုင်မယ် ဆိုရင် မဲဆန္ဒရှင်တွေအနေနဲ့လည်း သူတို့ရွေးတဲ့ ကိုယ်စားလှယ်တွေ နေရာရလာတာကို တွေ့ရတဲ့ အတွက် ကျွန်တော်တို့ ပြည်သူများရဲ့ မျှော်လင့်ချက်ကိုလည်း ဖြည့်ဆည်း ပေးနိုင်တယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ အခုတင်ပြခဲ့တဲ့ စနစ်အတိုင်းသာကျင့်သုံး ဆောင်ရွက်နိုင်ခဲ့ရင် ပြည်သူများရဲ့ ဆန္ဒနှင့်အညီ ရွေးချယ်နိုင်ရန်အတွက် ကိုယ်စားလှယ်များလည်း၊ ပါတီများလည်း အပြိုင်အဆိုင် ကြိုးစားရာမှ ပြည်သူအခြေပြုတဲ့ပါတီများနှင့် ကိုယ်စားလှယ်များ အားလုံးဥပဒေနှင့်အညီ စည်းကမ်း ရှိစွာဖြင့် ရွေးကောက်ပွဲစနစ်နှစ်ခုကြားမှာလည်း မျှတတဲ့ အကျိုးတရားတွေဖြစ်ပေါ်လာနိုင်ပြီး နိုင်ငံတော်ကို ဆက်လက်ခေါင်းဆောင်မှု ပေးသွားနိုင်တယ်လို့ ယုံကြည်ပါတယ်။ ဒီအတွက်ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်နှင့် လိုက်လျောညီထွေရှိမည့် ရွေးကောက်ပွဲ စနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်သည် ယခု ကျွန်တော်တင်ပြတဲ့စနစ်နှင့် Design ကို ကော်မရှင်က တင်ပြထားတဲ့ အစီရင်ခံစာပါ နည်းလမ်းများနှင့်အတူ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များက ထည့်သွင်းရွေးချယ်နိုင်တဲ့ အခွင့်အလမ်းတစ်ရပ်အဖြစ် လက်ခံစဉ်း

စားပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးအောင်စိုး၊ လောင်းလုံးမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်စိုး(လောင်းလုံးမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါရစေခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးဖြစ်ပါတယ်။ ကျွန်တော် ပထမဦးဆုံးအနေနဲ့ မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေမှုရှိတဲ့ ရွေးကောက်ပွဲစနစ်တစ်ခုပေါ်ပေါက်ဖို့အတွက် ကော်မတီရဲ့အစီရင်ခံစာမှာပါရှိတဲ့ ပါတီတွေကို အခြေမခံပါဘူး။ အမျိုးသားအကျိုးစီးပွားအပေါ်မှာသာ အခြေခံပါတယ်လို့ ဆိုထားတာနဲ့ပတ်သက်ပြီး ဆွေးနွေးချင်ပါတယ်။ ၁၄ နှစ်ကြာရေးဆွဲခဲ့တဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ FPTP စနစ်နဲ့ ရွေးကောက်တင်မြှောက်ခဲ့လို့ ဒီပြည်သူ့လွှတ်တော်ကြီးပေါ်ပေါက်ခဲ့ပြီးတော့ နိုင်ငံ့အကျိုးစီးပွားအတွက် ဆွေးနွေးနေနိုင်ခဲ့ကြတာဖြစ်ပါတယ်။ လွှတ်တော်သက်တမ်းတစ်ခုတောင် ဆောင်ရွက်လို့မပြီးဆုံးခင်မှာ နောက်ရွေးကောက်ပွဲစနစ်တစ်ခုပြောင်းလဲဖို့ ကြိုးစားတာဟာ ဒီကနေ့ ကျင်းပနေတဲ့ လွှတ်တော်ကြီးနဲ့အတူ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ နိုင်ငံနှင့်လိုက်လျောညီထွေမှုမရှိတဲ့ ရွေးကောက်ပွဲစနစ်တစ်ခုနှင့် လွှတ်တော်ထဲရောက်ရှိခဲ့ကြတာလား။ ဒါမှမဟုတ် နိုင်ငံ့အကျိုးအတွက် မဆောင်ရွက်နိုင်လို့လားဆိုတဲ့ မေးခွန်းထုတ်စရာဖြစ်လာပါတယ်။ (၂)အနေနဲ့ အစီရင်ခံစာမှာပါရှိတဲ့ ရွေးကောက်ပွဲစနစ် (၈)မျိုးစလုံးကို လေ့လာသုံးသပ်ရမယ်ဆိုရင် FPTP စနစ်ဆိုတဲ့ မဲအများဆုံး အနိုင်ယူစနစ်နဲ့ PR စနစ်ဆိုတဲ့ အချိုးကျကိုယ်စားပြုစနစ် နှစ်ခုပဲရှိပါတယ်။ နောက်စနစ်တစ်ခုက FPTP နှင့် PR စနစ်ကို ရောထားတဲ့ စနစ်ပဲဖြစ်ပါတယ်။ ကျန်တဲ့လေးမျိုးကတော့ PR စနစ်ကို ဒီဇိုင်းလေးမျိုးခွဲထားပြီး ခွဲထားတင်ပြထားတဲ့ PR စနစ်ပဲဖြစ်ပါတယ်။ (၁)ဖြစ်တဲ့ မဲအများဆုံး အနိုင်ယူစနစ်ဟာ ကျွန်တော်တို့နိုင်ငံနှင့်လက်ရှိ အခြေအနေအရ လိုက်လျောညီထွေမှုအရှိဆုံးစနစ် ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရရော၊ တိုင်းရင်းသားပြည်သူအားလုံးရဲ့ ဆန္ဒအရ၊ တပ်မတော်သားကိုယ်စားလှယ်များရဲ့ဆန္ဒတွေကြောင့်ပဲဖြစ်ပါတယ်။

နံပါတ်(၂)အနေနဲ့ PR လို့ခေါ်တဲ့ အချိုးကျကိုယ်စားပြုစနစ်ကို လွှတ်တော်မှာ အဆိုတင်သွင်းလာကတည်းက တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး လွှတ်တော်ကို သပိတ်မှောက်ခဲ့ကြသလို ကျွန်တော်တို့တစ်တွေလည်း ကန့်ကွက်ခဲ့ကြပါတယ်။ တပ်မတော်သားကိုယ်စားလှယ်များ

ကလည်း လက်ရှိအခြေအနေအရ ဒီစနစ်ကို မကျင့်သုံးသင့်သေးဘူးလို့ တင်ပြခဲ့သလို လွှတ်တော် ဥက္ကဋ္ဌကြီးကိုယ်တိုင်ကလည်း ဒသမအကြိမ်ပြည်သူ့လွှတ်တော် အစည်းအဝေးရဲ့ (၃၇)ရက်မြောက်နေ့မှာ တရားဥပဒေစိုးမိုးရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးမဖြစ်မနေလိုအပ်တယ်။ အဲဒီအတွက် အထိအခိုက်မခံနိုင်ဘူး။ နိုင်ငံ့အတွက် ကျွန်တော့်အနေနဲ့ PR စနစ်ကို အခြေခံပြီးတော့ ရွေးကောက်ပွဲစနစ်ကို ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်မှာဆောင်ရွက်ပါဆိုတဲ့အဆိုဆိုရင် ကျွန်တော် လက်မခံပါဘူးလို့ ပြောကြားခဲ့ပါတယ်။

နံပါတ်(၃)နှင့်(၄)ဖြစ်တဲ့ FPTP နှင့် PR စနစ်ကိုရောထားတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ပြည်နယ်တွေမှာ FPTP စနစ်ကိုကျင့်သုံးပြီး တိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေမှာ PR စနစ်ကို ကျင့်သုံးဖို့တင်ပြထားတာတွေ့ရပါတယ်။ ဒီစနစ်နှင့်ပတ်သက်ပြီး တနင်္သာရီတိုင်းရဲ့ ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ဆွေးနွေးတင်ပြချင်ပါတယ်။ ကျွန်တော်တို့ တနင်္သာရီတိုင်းဟာ လူမျိုးစုတွေနေထိုင်တဲ့ တိုင်းတစ်တိုင်းဖြစ်ပါတယ်။ ထားဝယ်လူမျိုး၊ မြိတ်လူမျိုး၊ မွန်လူမျိုး၊ ကရင်လူမျိုး၊ ပသျှူးလူမျိုးနှင့် ဆလုံလူမျိုးတို့ လူမျိုး ၆ မျိုး စုပေါင်းနေထိုင်တဲ့ တိုင်းတစ်တိုင်းဖြစ်ပါတယ်။ မြန်မာလူမျိုးရယ်လို့ နိုင်ငံ့ဝန်ထမ်းတွေသာရှိပါတယ်။ ဒီကနေ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ထဲမှာတောင် ကရင်တိုင်းရင်းသားရေးရာဝန်ကြီးအနေနဲ့ တစ်ဦးထားရှိထားတာတွေ့ရှိရပါတယ်။ မြန်မာလူမျိုးရယ်လို့ နိုင်ငံ့ဝန်ထမ်းတွေသာရှိတဲ့ ကျွန်တော်တို့တိုင်းမှာ ဒီနံပါတ်(၃)နှင့်(၄)စနစ်ကို ကျင့်သုံးမယ်ဆိုရင် ကျွန်တော်တို့ တနင်္သာရီတိုင်းဟာ PR စနစ်ကိုကျင့်သုံးရမလိုဖြစ်နေပါတယ်။ အခြားပြည်နယ် တွေမှာနေထိုင်တဲ့ တိုင်းရင်းသားတွေက FPTP စနစ်ကိုကျင့်သုံးပြီး ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးမှာ နေထိုင်ကြတဲ့ တိုင်းရင်းသား ၆ မျိုးက PR စနစ်ကိုကျင့်သုံးရမယ်ဆိုရင် ကျွန်တော်တို့ တနင်္သာရီတိုင်းမှာရှိတဲ့ တိုင်းရင်းသားတွေအားလုံးနဲ့ တန်းတူညီမျှမှုမရှိသလို ဖြစ်နေပါတယ်။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးမှာနေထိုင်တဲ့ တိုင်းရင်းသားတွေဟာ ဟိုးရှေးယခင်ကတည်းက အခွင့်အရေးမညီမျှမှုတွေကြောင့် ဗမာလူမျိုးတွေကို အမြင်မကြည်လင်ခဲ့ကြပါဘူး။ ကျွန်တော်တို့ တနင်္သာရီတိုင်းသားတွေက ဗမာလူမျိုးတွေကို ဂန်လို့ခေါ်ပါတယ်။ ဂန်တွေဟာ အဝင်ကန်ရင်ကန် မကန်ရင်အထွက်ကန်တာပဲလို့ ကျွန်တော်တို့ တိုင်းရင်းသားတွေအားလုံး စိတ်ထဲမှာစွဲမြဲနေကြပါတယ်။ ဒါဟာလည်း ဗမာတွေရဲ့ အုပ်ချုပ်မှုသက်တမ်း ရှည်ကြာခဲ့ကြလို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ တနင်္သာရီတိုင်းသား၊ ထားဝယ်သားတွေဟာ လူမျိုးစွဲ၊ ဒေသစွဲမရှိပါဘူး။ ရိုးသားပြီးတော့ နိုင်ငံတော်အစိုးရအဆက်ဆက်မှာ နိုင်ငံတော်အကြီးအကဲများအဖြစ် သစ္စာရှိစွာတာဝန်ထမ်းဆောင်ခဲ့ကြတာ ဗိုလ်မှူးကြီးဗထူးမှအစ

ဝန်ကြီးချုပ် ဦးဘဆွေ၊ ဦးစိန်ဝင်းနှင့် ဒီကနေ့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အထိပါပဲ။ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံရေးဆွဲစဉ်က တနင်္သာရီပြည်နယ်အဖြစ်တောင်းဆိုခဲ့ပေမယ့် ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းရဲ့ တစ်ဝက်ကို မွန်ပြည်နယ်အဖြစ် သတ်မှတ်သွားပြီးတော့ ကျွန်တော်တို့ တနင်္သာရီတိုင်းဟာ တိုင်းအဖြစ်နဲ့ ကျန်ရှိခဲ့ပါတယ်။ ဒီကနေ့လည်း အခြားပြည်နယ်မှာ နေထိုင်တဲ့ လူမျိုးစုတွေက FPTP စနစ်နဲ့ ကျင့်သုံးပြီး တိုင်းဒေသကြီးလို့ သတ်မှတ်ခံရတဲ့ ကျွန်တော်တို့ တနင်္သာရီ တိုင်းဒေသကြီးမှာရှိတဲ့ တိုင်းရင်းသားတွေက PR စနစ်ကို ကျင့်သုံးရမယ်ဆိုရင် တရားမျှတမှုရှိပါ့မလား။ လက်တွေ့ကျပါမလား လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ စဉ်းစားကြည့်စေချင်ပါတယ်။ ဒီကနေ့ နိုင်ငံရေးအတွက် အရေးတကြီးဖြစ်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် မနား မနေကြိုးစားနေရတဲ့ အချိန်မှာရွေးကောက်ပွဲစနစ်တစ်ခုပြောင်းလဲဖို့ ကြိုးစားတာဟာ မဖြစ်သင့်တဲ့ ကိစ္စတစ်ခုလို့ ထင်မြင်မိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြီးမှသာ ဆောင်ရွက်သင့်တယ်လို့ ကျွန်တော်ယူဆမိပါတယ်။ ၂၀၁၅ ခုနှစ်မှာ ရွေးကောက်ပွဲမှာ ၂၆ ရာခိုင်နှုန်းရရင် ၂၅ နှင့်ပေါင်းရင် မဲအများစုဖြစ်တယ်လို့ ကိုယ်စားလှယ်တစ်ဦးပြောသွားတာ ကြားသိလိုက်ရပါတယ်။ ဒီလို ရည်ရွယ် ချက်မျိုးနဲ့တော့ နိုင်ငံရဲ့အနာဂတ်ကို မဖန်တီးစေချင်ပါဘူး။ နောက်ပြီး PR စနစ်နှင့် ကျင့်သုံးတဲ့ နိုင်ငံတော်တော်များများကို လေ့လာကြည့်ရင် တဖြည်းဖြည်းနဲ့ ပါတီငယ်လေးများ ပျောက်ကွယ်သွား ပြီး ပါတီကြီး ၅ ပါတီ၊ ၆ ပါတီ လောက်သာကျန်တာ တွေ့ရပါတယ်။ အခု ကျွန်တော်တို့ လွှတ်တော်မှာ FPTP စနစ်နဲ့မို့လို့ ပါတီငယ်တွေ များစွာနေရာရရှိနေခဲ့ကြတာ အားလုံး အသိပဲဖြစ် ပါတယ်။ ဒါကြောင့် လွှတ်တော်သက်တမ်းတစ်ခုမှာ တာဝန်ယူခွင့်ရတဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်များ ဟာ မိမိနေရာရဖို့၊ မိမိပါတီနေရာရဖို့ထက် နိုင်ငံ့အကျိုးစီးပွား၊ အမျိုးသားအကျိုးစီးပွား၊ အနာဂတ် အတွက် မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေချရမယ့် အချိန်ရောက်နေပါပြီ။ ဒါကြောင့် အကောင်းအဆိုး၊ အကြောင်းအကျိုးကို လေးလေးနက်နက် စဉ်းစားပြီးဆုံးဖြတ်ပေးကြပါလို့ လွှတ်တော်ကိုယ်စားလှယ် ကြီးများအားလုံးကို တိုက်တွန်းချင်ပါတယ်။ နိဂုံးချုပ်အနေနဲ့ တိုင်းရင်းသားတွေ စုပေါင်းနေထိုင်တဲ့ ကျွန်တော်တို့နိုင်ငံကြီး မှာ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးနှင့် ယုံကြည်မှုကို တည်ဆောက်နေတဲ့ အချိန်၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံတကာအစိုးရများရဲ့ ယုံကြည်မှုကို တည်ဆောက်နေရတဲ့အချိန်၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး အတွက် ကြိုးစားနေရတဲ့အချိန်၊ ပြည်သူတွေရဲ့ ယုံကြည်မှုကို ရရှိကာစရှိနေတဲ့အချိန်မှာ ပြည်သူတွေ နားမလည်နိုင်တဲ့ ရွေးကောက်ပွဲစနစ်တစ်ခု ပြောင်းလဲခြင်းဟာ အမျိုးသားအကျိုးစီးပွား များစွာထိခိုက် နိုင်တယ်လို့ ကျွန်တော်ယူဆမိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ လိုက်လျောညီထွေမှု အရှိဆုံး ရွေးကောက်ပွဲစနစ်ဟာ FPTP စနစ်လို့ခေါ်တဲ့ မဲအများစု အနိုင်ရရှိတဲ့စနစ်သာလျှင် အသင့်

တော်ဆုံး ရွေးကောက်ပွဲစနစ်တစ်ခုဖြစ်တယ်လို့ လေးလေးနက်နက်တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျာ။ (ကြိဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးဆွေ၊ တနိုင်းမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမျိုးဆွေ(တနိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ တနိုင်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေရှိမယ့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ လေ့လာသုံးသပ်ချက်အစီရင်ခံစာနှင့် စပ်လျဉ်းပြီး ဆွေးနွေးတင်ပြ သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရွေးကောက်ပွဲစနစ်များနှင့် ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှာ နိုင်ငံရဲ့ နိုင်ငံရေးယဉ်ကျေးမှု(Political Culture)၊ နိုင်ငံရေးဖြစ်ထွန်းမှုအခြေအနေ၊ နိုင်ငံရေးနောက်ခံသမိုင်း ကြောင်း၊ နိုင်ငံရေးပါတီများနှင့် ပြည်သူများရဲ့သဘောထားများအပေါ်မူတည်ပြီး မိမိတို့နိုင်ငံနဲ့လိုက် လျောညီထွေရှိမယ့် ရွေးကောက်ပွဲစနစ်ကို ကျင့်သုံးနေကြတာဖြစ်ပါတယ်။ ယနေ့ ကမ္ဘာ့နိုင်ငံများမှာ ကျင့်သုံး ဆောင်ရွက်နေတဲ့ ရွေးကောက်ပွဲစနစ်များကို လေ့လာပြီး မိမိတို့နိုင်ငံနှင့် လိုက်လျော ညီထွေရှိမယ့် ရွေးကောက်ပွဲစနစ်ပေါ်ထွန်းရေးကို ပြောင်းလဲနေတဲ့ခေတ်ကာလနှင့်အညီ ဆောင်ရွက် သင့်ပါကြောင်း တင်ပြလိုပါတယ်။ ယနေ့ ကမ္ဘာမှာအများဆုံး အသုံးပြုနေတဲ့ ရွေးကောက်ပွဲစနစ်များ ကိုကြည့်ရင် (FPTP) First Pass The Post နိုင်သူအကုန်ယူစနစ် PR စနစ်၊ Proportional Representation အချိုးကျစနစ်၊ အချိုးကျကိုယ်စားပြုစနစ်နဲ့ အထက်ဖော်ပြပါစနစ်နှစ်မျိုးကို ရောနှောကျင့်သုံးတဲ့စနစ်၊ ၎င်းအပြင် အခြားစနစ်များလည်းရှိကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချိုးကျကိုယ်စားပြုစနစ်နိုင်ငံများနှင့် ပတ်သက်ပြီး အကြမ်းဖျင်း တင်ပြလို ပါတယ်။ (List PR) List Proportional Representation စနစ်ကျင့်သုံးတဲ့ အထင်ကရနိုင်ငံများကို တင်ပြရရင် အာဂျင်တီးနား၊ ဘယ်(လ်)ဂျီယံ၊ ဘရာဇီး၊ နော်ဝေး၊ ပေါ်တူဂီ၊ တောင်အာဖရိက၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇလန် စတဲ့နိုင်ငံများ စသဖြင့် နိုင်ငံပေါင်း ၅၀ ခန့်ရှိကြောင်း သိရပါတယ်။ STV စနစ် Transferrable Vote, STV စနစ် ကျင့်သုံးတဲ့နိုင်ငံများအနေနဲ့ အိုင်ယာလန်၊ ဘော်လ်တန်၊ ဩစတြေးလျစတဲ့ နိုင်ငံများဖြစ်ပါတယ်။ ၎င်းအပြင် MMP စနစ်ဖြစ်တဲ့ Mix Member Proportional

စနစ်ကျင့်သုံးတဲ့ နိုင်ငံများကိုကြည့်ရင် ကမ္ဘာမှာစီးပွားရေးတောင့်တင်းပြီး စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်နေတဲ့ ဂျာမနီနိုင်ငံများ ပါရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဆက်လက်ပြီး Parallel System စနစ်ကျင့်သုံးနေတဲ့ နိုင်ငံအချို့ကို တင်ပြရရင် ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်းနိုင်ငံစတဲ့ နိုင်ငံများကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ခြုံငုံပြီးတင်ပြရရင် ကမ္ဘာမှာ PR စနစ် ၇၂ နိုင်ငံအသုံးပြုပြီး ရောနှောစနစ်ပေါင်း ၃၀ ခန့်ရှိကြောင်း သိရှိရပါတယ်။ ယနေ့ကမ္ဘာမှာ လွတ်လပ်ပြီးနိုင်ငံပေါင်း ၁၉၉ နိုင်ငံမှာ ထက်ဝက်ကျော်ဟာ ဒီမိုကရေစီပိုမိုဖော်ဆောင် နိုင်တဲ့ PR စနစ်နဲ့ ရောနှောစနစ်များ ကျင့်သုံးနေတာကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရှင်များရဲ့ လေ့လာသုံးသပ်ချက်များအရ ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ကျင့်သုံးလေ့ရှိတဲ့ ရွေးကောက်ပွဲစနစ်များဟာ ပြီးပြည့်စုံသောစနစ်များမဟုတ်ဘဲ အားနည်းချက်/အားသာချက်များရှိနေမှာဖြစ်ကြောင်း အားလုံးကဝန်ခံထားပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း နိုင်ငံအသီးသီးဟာ မိမိနိုင်ငံအခြေအနေနဲ့ ကိုက်ညီတဲ့ ရွေးကောက်ပွဲစနစ်ကို အသုံးပြုနေကြတာကို တွေ့ရမှာ ဖြစ်ပါတယ်။ လေ့လာသုံးသပ်ရေးကော်မရှင်ရဲ့ တင်ပြချက်အစီရင်ခံစာပါ ရွေးကောက်ပွဲနည်းလမ်းရှစ်ခုအနက် နည်းလမ်း(၄)ကို ရွေးချယ်သင့်ပါကြောင်း အလေးအနက်ထားပြီး တင်ပြလိုပါတယ်။ နည်းလမ်းအမှတ်စဉ်(၄)ဟာ မဲအများဆုံးရယူသူအနိုင်ယူစနစ်နဲ့ အချိုးကျကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ထားသော ရွေးကောက်ပွဲစနစ်၊ ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မဲ မရရှိသော ကိုယ်စားလှယ်များအား အခွင့်အရေးပေးသောစနစ် ဖြစ်ပါတယ်။ ၎င်းစနစ်နှင့် ပတ်သက်ပြီး အခြေခံဥပဒေဘောင်အတွင်းက ဆောင်ရွက်နိုင်ကြောင်း အချက်ကိုးချက်ဖြင့် ရှင်းလင်းတင်ပြထားရှိပါတယ်။ မဲပေးတဲ့စနစ် အပြောင်းအလဲမရှိတဲ့အတွက် မဲဆန္ဒရှင်များအတွက် အခက်အခဲမရှိနိုင်ကြောင်း ရွေးကောက်ပွဲကော်မရှင်အနေနဲ့လည်း မဲဆန္ဒနယ်များ ပြင်ဆင်ဖွဲ့စည်းရန်မလိုအပ်ခြင်း၊ အခြေခံဥပဒေပုဒ်မ ၃၉၁ အရ ရွေးကောက်ပွဲတစ်ရပ်နဲ့ မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးခွင့်ရှိသည်ဟူသော ပြဋ္ဌာန်းချက်များနှင့်လည်း ကိုက်ညီခြင်း၊ ၎င်းအပြင် ဥပဒေပုဒ်မ ၁၀၉ မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကိုအခြေခံ၍လည်းကောင်း၊ ၃၃၀ ဦးထက်မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ရန်ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းမှ ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါတယ်။ ရိုးရှင်းလွယ်ကူသောစနစ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်က ကျွန်တော်ထောက်ခံတင်ပြခဲ့တဲ့ နည်းလမ်းများအသုံးပြု ခြင်းဖြင့် ပါတီငယ်များကို ထောက်ခံသူများအပါအဝင် နိုင်ငံရေးအုပ်စုအားလုံး တရားမျှတသော ကိုယ်စားပြုမှုကို ရရှိခံစားနိုင်ခြင်း၊ မဲဆန္ဒရှင်များအဖို့ ရွေးချယ်ခွင့်ပိုမိုရစေသော ရွေးကောက်ပွဲစနစ်ဖြစ်သည့်အတွက် စိတ်ပါဝင်စားစွာ မဲထည့်သူအရေအတွက်ပိုလာပြီး လူထုပါဝင်မှု ရေချိန်မြင့်တက်လာနိုင်ခြင်း၊ လွှတ်တော်တွင် နိုင်ငံရေးပါတီအရေအတွက် ပိုလာသဖြင့် ကိုယ်စားပြုဖော်ပြသည့် အမြင်အမျိုးမျိုးကို သိရှိခွင့်ရခြင်း၊ လူမျိုးစုမျိုးစုံ၊ ဘာသာမျိုးစုံ၊ ကိုယ်စားလှယ်များ ပိုမိုများပြားလာခြင်း၊ ပါတီတစ်ခုရဲ့ မူဝါဒနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အပြန်အလှန်ထိန်းကျောင်းပေးနိုင်ခြင်း၊ အထက်ပါအခြေအနေများက ဒီမိုကရေစီဖော်ဆောင်ရေးကို ပိုမိုမြင့်တင်သွက်လက်လာစေမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလိုရွေးကောက်ပွဲစနစ်နည်းလမ်းရှစ်ခုကို ဖော်ထုတ်ပေးတဲ့ ကော်မရှင်ကို ကျေးဇူးတင်ရှိရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ယခုဆွေးနွေးတာဟာ အစီရင်ခံစာပေါ်မှာ ဆွေးနွေးနေတာ ဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဖြစ်အောင် စဉ်းစားသင့်ကြောင်းတင်ပြလိုပါတယ်။ မိမိတို့အနေနဲ့ ဘယ်နည်းလမ်းပဲဖြစ်ဖြစ် ပြည်သူ့ဆန္ဒအရ ရွေးချယ်မှုအပေါ်မှာ ပါဝင်ဆင်နွှဲနိုင်ဖို့ အသင့်ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ကော်မရှင်က တင်ပြတဲ့အစီရင်ခံစာပါ အမှတ်စဉ်(၄)တွင် ပါရှိတဲ့ ရွေးကောက်ပွဲစနစ်ကို ကျွန်တော့်အနေနဲ့ အလေးအနက်ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဖြိုးမင်းသိန်း၊ လှည်းကူးမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဖြိုးမင်းသိန်း(လှည်းကူးမဲဆန္ဒနယ်)**။ ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်း ဖြစ်ပါတယ်။ ဒီလွှတ်တော်အစည်းအဝေးကို တက်ရောက်လာတဲ့သူအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆန္ဒပြုပါတယ်။ ဒီနေ့ ဆွေးနွေးနေတဲ့ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံ၊ ပြည်သူ့လွှတ်တော်အတွက် လိုက်လျောညီထွေဖြစ်မယ့် ရွေးကောက်ပွဲစနစ်တစ်ခုကို ကော်မရှင်ကနေ လေ့လာသုံးသပ် အစီရင်ခံစာတင်ပြလာတဲ့အပေါ်မှာ၊ ကော်မရှင်အပေါ်မှာ ဆွေးနွေးလိုတဲ့အချက်တစ်ခုရှိပါတယ်။ အစီရင်ခံစာပေါ်မှာ ဆွေးနွေးလိုတဲ့အချက်ရှိပါတယ်။ ကော်မရှင်နဲ့ပတ်သက်ပြီး ကော်မရှင်ဟာ စနစ်နှင့် ဒီဇိုင်းကို သေသေချာချာနားမလည်တဲ့ သဘောရှိနေတယ်လို့ ကျွန်တော်ယူဆပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ပြည်သူ့

လွှတ်တော်ကြီးက ကော်မရှင်ကို လွှဲအပ်လိုက်တဲ့အာဏာဟာ စနစ်ကို လေ့လာဖို့ပဲဖြစ်ပါတယ်။ အခု ကော်မရှင်က စနစ်နှင့် ဒီဇိုင်းကိုရောထွေးပြီး တင်ပြလာတဲ့အတွက် အခုဆွေးနွေးကြတဲ့နေရာမှာလည်း အမျိုးမျိုးအထွေထွေတွေ ဖြစ်နေပါတယ်။ တစ်ယောက်တစ်မျိုးစီဖြစ်ပြီး ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကြီးမှာ ဆုံးဖြတ်ရန်ခက်ခဲတဲ့အခြေအနေမျိုး၊ ရှုပ်ထွေးသွားနိုင်တဲ့အခြေအနေမျိုး ဖြစ်နေပါတယ်။ စနစ်ဆိုတာက ကျွန်တော်တို့ ဒီရွေးကောက်ပွဲစနစ်ဆိုတာဟာ နိုင်သူအကုန်ယူစနစ်လုပ်မှာလား၊ ကိုယ်စားပြုစနစ်လုပ်မှာလား၊ ဒီကိုယ်စားပြုနဲ့ နိုင်သူအကုန်ယူကို ရောနှောပြီးလုပ်မှာလားဆိုတဲ့ သုံးခုကို ကျွန်တော်တို့ အရင်ရွေးချယ်ရမှာပါ။ ပြီးမှသာ ဒီဇိုင်းကို ကျွမ်းကျင်တဲ့ပညာရှင်တွေနဲ့ ကျွန်တော်တို့ ထပ်မံလေ့လာကြရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အခုဟာ စနစ်နဲ့ ဒီဇိုင်းကို ရောထွေးဆောင်ရွက်နေတာဟာ ကော်မရှင်ဟာ လွှတ်တော်က လွှဲအပ်လိုက်တဲ့ အခွင့်အာဏာကို သုံးစွဲမှုမှာ မှားယွင်းနေတယ်လို့ ကျွန်တော်သုံးသပ်ချင်ပါတယ်။

နောက်တစ်ခုကတော့ လွှတ်တော်အတွင်းမှာ ဖြန့်ဝေထားတဲ့ စာရွက်စာတမ်းတွေ၊ Slide တွေ၊ ကော်မရှင်ဥက္ကဋ္ဌရဲ့ အစီရင်ခံစာ တင်ပြမှုတွေဟာ ညီညွတ်မှုမရှိဘူးဖြစ်နေပါတယ်။ ကျွန်တော်တို့ လေ့လာရတာတွေဟာ ဒီစနစ်နဲ့ ဒီဇိုင်းကို လေ့လာခိုင်းတဲ့ ပုံသဏ္ဍာန်မျိုးဖြစ်နေတယ်။ ကျွန်တော်တို့ Slide မှာဖော်ပြထားတဲ့ အချက်အလက်တွေဟာ တစ်မျိုးဖြစ်နေပြီးတော့ ကော်မရှင်ဥက္ကဋ္ဌရဲ့ အစီရင်ခံစာကို တင်ပြတဲ့နေရာမှာကျတော့ ကော်မရှင်ရဲ့သုံးသပ်ချက်အဖြစ်နဲ့ ပုံစံ ၃၊ ပုံစံ ၄ ကို လုပ်သင့်ပါတယ်လို့ ထည့်သွင်းဖော်ပြသွားပါတယ်။ ရှေ့မှာလည်း ကော်မရှင်ဥက္ကဋ္ဌကနေပြီးတော့ ပြည်သူလူထုရွေးချယ်ထားတဲ့ ကိုယ်စားလှယ်တွေနဲ့ လွှတ်တော်ကြီးကပဲ ဆုံးဖြတ်မှာပါလို့ ပြောသွားတဲ့ အခြေအနေကလည်း ကော်မရှင်ရဲ့ဆောင်ရွက်မှုဟာ ရိုးသားမှုအားနည်းနေတယ်လို့ ထောက်ပြချင်ပါတယ်။ ဒါကတော့ ကော်မရှင်နဲ့ပတ်သက်တဲ့အပိုင်း ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ အစီရင်ခံစာအပေါ်မှာ ဖြစ်ပါတယ်။ အစီရင်ခံစာမှာ ရွေးကောက်ပွဲစနစ်ကို ပြောင်းလဲမယ်လို့ ကျွန်တော်တို့ စဉ်းစားလိုက်တဲ့အခြေအနေမှာ ပြည်သူလူထုရွေးချယ်ထားမှုမရှိတဲ့ ကိုယ်စားလှယ်တွေရဲ့အပိုင်းကို ဆွေးနွေးသွားတာ ဘယ်သူ့မှမတွေ့ရဘူးဖြစ်နေပြီး ကျွန်တော်တို့ ဒီ FPTP စနစ်ကို သွားသင့်တယ်ဆိုတဲ့လူတွေကပဲ ထောက်ပြဆွေးနွေးနေတာဖြစ်ပါတယ်။ ဒါပေမယ့် တစ်ဖက်က ဆွေးနွေးနေတဲ့သူတွေကတော့ ပြည်သူ့ဆန္ဒ၊ ဒါမဲတွေ အဟောသိကံဖြစ်သွားမယ်ဆိုတဲ့ အခြေအနေမျိုးတွေကို ထောက်ပြဆွေးနွေးနေသော်ငြားလည်း ပြည်သူလူထုရွေးချယ်ထားတဲ့ ကိုယ်စားလှယ်တွေမဟုတ်တဲ့သူတွေပါနေတဲ့ စနစ်မျိုးနဲ့ PR စနစ်ကို ကျင့်သုံးခဲ့တာဟာ ဘယ်နိုင်ငံမှာမှမရှိဘူး

ဆိုတာ လေ့လာကြည့်လို့ရပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အားလုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဒီမိုကရေစီစံချိန်စံညွှန်းနှင့် ကိုက်ညီအောင် ၂၅ ရာခိုင်နှုန်း တဖြည်းဖြည်းလျှော့သွားနိုင်တဲ့ အခြေအနေကြမှပဲ PR ကို စဉ်းစားသင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီနေရာမှာ မဲတွေ အဟောသိကံ ဖြစ်သွားတယ်။ PR လုပ်ခြင်းအားဖြင့် တိုးတက်တဲ့နိုင်ငံကြီးတွေမှာ ဆောင်ရွက်နေတယ်ဆိုရင် တကယ့် ဒီမိုကရေစီအားကောင်းတဲ့ နိုင်ငံကြီးတွေဖြစ်တဲ့ ဗြိတိန်လိုနိုင်ငံမျိုး၊ အမေရိကန်လိုနိုင်ငံမျိုးမှာ PR စနစ်ကို ဘာကြောင့်မကျင့်သုံးသလဲ။ ဒါဟာသေသေချာချာလေ့လာသင့်တဲ့ အချက်တစ်ခု ဖြစ်ပါ တယ်။ ကျွန်တော်တို့တိုင်းပြည်မှာ ယနေ့ကာလအတွက် ငါတို့လုပ်သင့်တယ်၊ ဒီပုံသဏ္ဌာန်မျိုးပြောင်းသင့်တယ်ဆိုတဲ့ စဉ်းစားမှုမျိုးလောက်နဲ့တော့ ဒီကိစ္စကို မဆောင်ရွက်သင့်ဘူးလို့ထင်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အုပ်ချုပ်ရေးအာဏာရဲ့ အားကောင်းမှုကို ရနိုင်ဖို့အတွက် ဗြိတိန်တို့၊ အမေရိကန်တို့ဟာ PR စနစ်ကို မကျင့်သုံးခဲ့ပါဘူး။ ဒါ့ကြောင့်မို့ ကျွန်တော်တို့တိုင်းပြည်ဟာ အသွင် ကူးပြောင်းရေးကာလမှာ အုပ်ချုပ်ရေးအာဏာရဲ့ခိုင်မာမှု လိုအပ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ တိုင်းပြည်ဟာ FPTP စနစ်နဲ့ပဲ ဆက်လက်ကျင့်သုံးသွားသင့်တယ်လို့ ဒါကျွန်တော်ထောက်ပြချင်ပါတယ်။

နောက်တစ်ချက်ကတော့ ဒီရွေးကောက်ပွဲစနစ်လေ့လာရေးကော်မရှင်ရဲ့ ထောက်ပြချက်ထဲက တိုင်းဒေသကြီးနှင့် ပြည်နယ်တွေကို ခွဲပြီးဆောင်ရွက်မယ်ဆိုတဲ့အခြေအနေမျိုးတွေ ဖြစ်နေပါတယ်။ ဒီအခြေအနေဟာ အထူးဂရုစိုက်ရမှာပါ။ ကျွန်တော်တို့ လွှတ်တော်ကြီးရဲ့ ဂုဏ်သိက္ခာအတွက် အရေးကြီးတဲ့ကိစ္စတစ်ခု ဖြစ်ပါတယ်။ ဒါဟာ ကိုလိုနီခေတ်တုန်းက Divided and Rule ကျင့်သုံးခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလွှတ်တော်ကြီးဟာ ကျွန်တော်တို့ တိုင်းရင်းသားအချင်းချင်းကြားမှာ ဒီလို ခွဲခြားဆောင်ရွက်လို့ မသင့်ဘူးလို့ ကျွန်တော်ယူဆပါတယ်။ ဒီနေရာမှာလည်း တိုင်းရင်းသားတွေဘက်က ငါတို့အခွင့်အရေးရလို့၊ ဒီပွဲမှာတော့ ငါတို့မှေးနေလိုက်မယ်ဆိုတဲ့ အတွေးမျိုးမရှိသင့်ပါဘူး။ နို့မို့ဆိုရင် ရှေ့ဆက်ဖြစ်ပေါ်လာမယ့် အခြေအနေတွေဟာ ခွဲခြားအုပ်ချုပ်ရေးစနစ်တွေကို အားပေးအားမြှောက်ပြုသလို ကျွန်တော်တို့ ဖြစ်လာနိုင်ပါတယ်။ ဒီမိုကရေစီအစပျိုးကာလ ကျွန်တော်တို့ ဒီလွှတ်တော်ကြီးမှာ ခွဲခြားအုပ်ချုပ်ရေးစနစ်မျိုးတွေကို သတိထားပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်သင့်တဲ့အတွက် ဒီစနစ်ဟာလည်း ကော်မရှင်ရဲ့ တင်ပြခဲ့မှုအပေါ်မှာ အားနည်းတယ်လို့ ကျွန်တော်ထင်တယ်။ ဒီဟာက ကျွန်တော်တို့ လွှတ်တော်ကြီးမှာ မဆောင်ရွက်သင့်ဘူးလို့ ကျွန်တော် ပြောလိုပါတယ်။

နောက်တစ်ချက်ကတော့ ရွေးကောက်ပွဲဖြစ်ပါတယ်။ ရွေးကောက်ပွဲဆိုတာ ပြိုင်ပွဲလား။ ဒါမှမဟုတ် ခွဲဝေယူဖို့လားလို့ ကျွန်တော်တို့ စဉ်းစားဖို့လိုပါတယ်။ ကျွန်တော်တို့ဟာ ပြိုင်ပွဲတစ်ခုကို

ပြိုင်ကြမှာလား။ ဒါမှမဟုတ်ရင် အာဏာကို ခွဲဝေယူဖို့အတွက် ပါတီတွေထောင်ကြမှာလားဆိုတဲ့ အခြေအနေကို ကျွန်တော်တို့ စဉ်းစားရမှာပါ။ ကျွန်တော်တို့ တိုင်းပြည်ဟာ ဒီမိုကရေစီထူထောင်တဲ့နေရာမှာ နုနယ်နေသေးတဲ့ကာလဖြစ်ပါတယ်။ နိုင်ငံရေးသမားတွေရဲ့ အဝန်းအဝိုင်းကို ထူထောင်ပေးနိုင်တဲ့ Capacity ပိုင်းကလည်း အားနည်းနေသေးတဲ့ကာလမှာ ပါတီထောင်ပြီး နေရာခွဲဝေယူဖို့ ကြိုးစားကြရမယ်ဆိုတဲ့ အတွေးမျိုးဟာ အချောင်သမားစိတ်တွေကို ပေါ်ထွက်စေပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ ဒီအခြေအနေတွေကိုလည်း ဂရုပြုပြီးဆောင်ရွက်သင့်တယ်လို့ ကျွန်တော်ယူဆပါတယ်။

နောက်တစ်ချက်က ရွေးကောက်ပွဲမှာ မဲပေးမယ့်စနစ်ပုံသဏ္ဍာန်ဖြစ်ပါတယ်။ ရွေးကောက်ပွဲမဲပေးမယ့်စနစ်ပုံသဏ္ဍာန်မှာ PR စနစ်နဲ့ မဲပေးမယ်ဆိုပြီး အခုဒီဇိုင်းတွေ တင်ပြလာပါတယ်။ ဒီ ဒီဇိုင်းတွေထဲမှာ ပုံစံ (၃) နဲ့ ပုံစံ (၄) လိုဒီဇိုင်းမျိုးတွေကို ကျွန်တော်တို့ ဝေဖန်ရမယ်ဆိုရင် မဲပေးတဲ့သူဟာ ကိုယ်ဘယ်လို မဲပေးလိုက်ရသလဲဆိုတဲ့ အခြေအနေကို မဲမပေးခင်မှာ ကြိုသိဖို့လိုပါတယ်။ ကိုယ်မဲပေးတဲ့ကိုယ်စားလှယ်ကို မဲပေးလိုက်သော်ငြားလည်း ဒီမဲဟာ မအောင်မြင်ခဲ့ဘူးဆိုရင် ဘယ်ကိုဒီမဲရောက်သွားမှာလဲ၊ ဘယ်သူ့ကို မဲပေးဖြစ်မှာလဲဆိုတဲ့ အခြေအနေမျိုးတွေကို မဲပေးတဲ့ မဲဆန္ဒရှင်က ကြိုပြီးမသိထားဘူးဖြစ်နေတယ်။ ဒါ့ကြောင့်မို့ ရွေးကောက်ပွဲပြီးမှ မဲဆန္ဒရှင်ရဲ့မဲဟာ ဘယ်သူ့ဆီကို ရောက်သွားပြီး ဘယ်သူဖြစ်သွားတယ်ဆိုတဲ့ အခြေအနေမျိုးဟာ မဲဆန္ဒရှင်ပြည်သူလူထုရဲ့ အခွင့်အရေးကို ကျွန်တော်တို့ ချိုးဖောက်နေတာမျိုးဖြစ်နေပါတယ်။ ဒါကြောင့်မို့ ဒီအချက်ကိုလည်း ကျွန်တော်တို့ သတိပြုပြီး ဆောင်ရွက်သင့်တယ်လို့ ကျွန်တော်ယူဆပါတယ်။

နောက်တစ်ချက်က ကြားဖြတ်ရွေးကောက်ပွဲ လုပ်ပေးရေး/မလုပ်ပေးရေးကိစ္စ။ PR ကို လက်ခံတဲ့သူတွေကြားမှာပဲ ကြားဖြတ်ရွေးကောက်ပွဲလုပ်သင့်တယ်/မလုပ်သင့်ဘူးဆိုတဲ့ ဝိဝါဒတွေ အများကြီးဖြစ်နေပါတယ်။ ဒါကြောင့်မို့ ဒီဇိုင်းကို စဉ်းစားတဲ့နေရာမှာ ပညာရှင်တွေနဲ့ တကယ်စနစ်တကျ မဟုတ်ဘဲ ရက်ပေါင်း ၈၀ လောက်အတွင်းမှာ ကျွန်တော်တို့ လွှတ်တော်ကြီးနဲ့ ကျွန်တော်တို့ တိုင်းပြည်ရဲ့ အနာဂတ်ဒီမိုကရေစီနိုင်ငံထူထောင်ရေးအတွက် အရေးကြီးတဲ့ ပြည်သူ့လွှတ်တော်ကြီးကို ရွေးချယ်မယ့်စနစ်တစ်ခုကို မဆုံးဖြတ်သင့်ဘူးလို့ ကျွန်တော် ဒီလိုပဲယူဆပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ကြားဖြတ်ရွေးကောက်ပွဲတစ်ရပ်ကိုလည်း လုပ်ပေးသင့်တယ်ဆိုတဲ့သူတွေရှိပါတယ်။ တချို့ကလည်း ကြားဖြတ်ရွေးကောက်ပွဲလုပ်ပေးခြင်းအားဖြင့် တိုင်းပြည်ရဲ့တည်ငြိမ်မှုတွေကို ပျက်ပြားစေတယ်။ ဒါ့ကြောင့်မို့ ကြားဖြတ်ရွေးကောက်ပွဲကို မဲရတဲ့စနစ်တွေအတိုင်းပဲ စီထားသင့်တယ်လို့ ဆွေးနွေးနေကြတာလည်း ရှိပါတယ်။ ဒါဟာမဖြစ်သင့်ပါဘူး။ တစ်ကြိမ်မဲပေးပြီးတဲ့သူဟာ စိတ်ပြောင်းနိုင်ပါ

တယ်။ ၂၀၁၀ ရွေးကောက်ပွဲမှာ မဲပေးခဲ့တဲ့အခြေအနေနဲ့ ၂၀၁၂ ရွေးကောက်ပွဲမှာ မဲပေးခဲ့တဲ့အခြေအနေဟာ မတူညီနိုင်ပါဘူး။ ဒါကြောင့်မို့ မဲပေးထားတဲ့စနစ်တွေကို တန်းစီပြီးထားရမယ်ဆိုတဲ့ အခြေအနေကလည်း မှန်ကန်တဲ့အယူအဆတစ်ခုတော့မဟုတ်ဘူးလို့ ကျွန်တော်ပြောလိုပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့တိုင်းပြည်မှာ ရွေးကောက်ပွဲစနစ်ဟာ ယှဉ်ပြိုင်တဲ့ရွေးကောက်ပွဲစနစ်မျိုးဖြစ်သင့်တယ်။ ဒါ့ကြောင့်မို့ ပြည်သူလူထုမဲပေးရွေးချယ်လိုက်တဲ့ အစိုးရတစ်ရပ်ပေါ်ထွန်းနိုင်ဖို့ဆိုရင် ပြည်သူလူထုရွေးချယ်တဲ့အမတ်တွေ လွှတ်တော်ထဲရောက်လာဖို့လိုတယ်။ ဒါကြောင့်မို့ FPTP စနစ်နဲ့ သွားသင့်တယ်လို့ ကျွန်တော်တို့က ဆွေးနွေးနေတာဖြစ်ပါတယ်။ ဒီဆွေးနွေးမှုဟာ ကျွန်တော်တို့ရဲ့ ဆန္ဒနဲ့ ဆွေးနွေးနေတာမဟုတ်ပါဘူး။ ဖြစ်သင့်ဖြစ်ထိုက်တဲ့အခြေအနေတွေကို ဆွေးနွေးနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ PR စနစ်ကိုပဲ အကောင်အထည်ဖော်သည်ဖြစ်စေ၊ FPTP စနစ်ကို အကောင်အထည်ဖော်သည်ဖြစ်စေ၊ ရောနှောစနစ်ကိုပဲ အကောင်အထည်ဖော်သည်ဖြစ်စေ ကျွန်တော်တို့ လွှတ်တော်ကြီးမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ချည်းပဲ ဆုံးဖြတ်တာမျိုးမဟုတ်ဘဲနဲ့ ပြည်သူလူထုရဲ့ဆန္ဒသဘောထားကို ရှေးရှုပြီး လူထုဆန္ဒခံယူပွဲတစ်ရပ်ကျင်းပခြင်းဖြင့်သာ ဆောင်ရွက်သွားသင့်ပါကြောင်းတင်ပြလိုပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဇုံးတိန့်၊ ချီဖွေမဲဆန္ဒနယ်မှဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဇုံးတိန့်(ချီဖွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးအမှူးပြု၍ အားလုံးကိုမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့် ဖြစ်ပါတယ်။ ကချင်တိုင်းရင်းသားများရဲ့ ကိုယ်စားလှယ်တစ်ဦးအနေဖြင့် အမြင်ကိုပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၂၁ ရက်နေ့ ပြည်သူ့လွှတ်တော်မှ ဖွဲ့စည်းပေးခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနဲ့ လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်တစ်ခုပေါ်ပေါက်လာရေးအတွက် လေ့လာသုံးသပ်ရေးကော်မရှင်ကတင်ပြခဲ့တဲ့ ရွေးကောက်ပွဲနည်းလမ်း(၈) ခုရှိသည့်အနက်မှ မြန်မာနိုင်ငံနဲ့ လိုက်လျောညီထွေမှုရှိသော ရွေးကောက်ပွဲစနစ်တစ်ခုပုံစံကို ထောက်ခံဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာအခြားဒီမိုကရေစီကျင့်သုံးသောနိုင်ငံများနဲ့ မတူသော မြန်မာ့ရေခံမြေခံပေါ်တွင်မူတည်သော မြန်မာ့နိုင်ငံရေးရဲ့ အဓိကဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးထိပ်ထားရမည့်အချိန်ဖြစ်သလို အနာဂတ်နိုင်ငံတော်နဲ့ နိုင်ငံသားအကျိုးဖြစ်ထွန်းရေးအတွက် ကမ္ဘာကလက်ခံသော ရွေးကောက်ပွဲ

စနစ်တစ်ခုပေါ်ထွက်လာရေးကို ဦးထိပ်ထားရမယ့် အချိန်လည်းဖြစ်ပါတယ်။ တိုင်းရင်းသားများ လိုလားတောင့်တနေကြသောတရားမျှတရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးဆိုတဲ့ မျှော်လင့်ချက်တွေကို ဖော်ဆောင်ပေးသွားနိုင်ရန်အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်၏ လက်ရှိလူနေမှုစနစ်ဘက်ပေါင်းစုံ ကွာဟနေမှုအကြောင်းကြောင့် ပြည်နယ် ၇ ခုတွင် တိုင်းရင်းသားကြီး/ငယ် မျိုးစုံပါဝင်နိုင်ပြီးပါတီကြီး/ငယ်များနဲ့ မဲဆန္ဒရှင်အားလုံးရဲ့ ဆန္ဒဖြည့်ဆည်းပေးနိုင်သော FPTP ရွေးကောက်ပွဲစနစ် မရှိမဖြစ်လိုအပ်နေကြောင်းတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လေ့လာသုံးသပ်ရေးကော်မရှင်မှ တင်ပြထားသည့် ရွေးကောက်ပွဲနည်းလမ်း ၈ ခုအနက်မှ အမှတ်စဉ် ၄ ရွေးကောက်ပွဲစနစ်ပုံစံ ၂ ကိုမိမိတို့နိုင်ငံနှင့် အသင့်တော်ဆုံးဖြစ်တယ်လို့ တင်ပြလိုပါတယ်။ ပြည်နယ် ၇ ခုရှိမြို့နယ် ၁၂၃ ခုနှင့်နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမြို့နယ် ၃ ခုအပါ မဲဆန္ဒနယ် ၁၂၆ ခုသတ်မှတ်ကာ FPTP စနစ်ဖြင့် ရွေးကောက်ပွဲကျင်းပပေးခြင်းဟာ တိုင်းရင်းသားပါတီများရဲ့ဆန္ဒ တိုင်းရင်းသားမျိုးနွယ်စုများအားလုံး ကိုယ့်ရဲ့ဒေသကိုကိုယ်စားပြုစေချင်တဲ့ဆန္ဒဖြစ်၍ ပြည်နယ် ၇ ခုနဲ့ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသကိုမူလအဆိုကပင် FPTP စနစ် ကျင်းပသွားရန် အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီး ၇ ခု (နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမပါ)၊ နေပြည်တော်ကောင်စီနယ်မြေအပါ စုစုပေါင်းမြို့နယ် ၂၀၄ ခုအတွက် မဲဆန္ဒနယ် ၂၀၄ ခုသတ်မှတ်ပေးပြီး FPTP စနစ်ဖြင့် ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီးခိုင်လုံမဲ ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မဲရရှိသည့် မြို့နယ်မှ ကိုယ်စားလှယ်လောင်းများအဖြစ်ကြေညာပြီး ထိုမြို့နယ်များမှ ရွေးချယ်ခံရသောကိုယ်စားလှယ်လောင်းများ၏ မဲများမပါဘဲ ကျန်ရွေးချယ်ခြင်းမခံရသော ကိုယ်စားလှယ်လောင်းများ၏ မဲအားလုံးနှင့် ကိုယ်စားလှယ်လောင်းရွေးချယ်ခြင်းမပြုရသေးသော မြို့နယ်များမှ မဲများနဲ့ပေါင်း၍ ပါတီ၏မဲအဖြစ် ပြောင်းလဲကာ ပါတီတန်းစီဇယားအလိုက် ကိုယ်စားလှယ်များ ရွေးချယ်သွားခြင်းသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တပ်မတော်သားကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေးမှုနဲ့လည်း သဟဇာတဖြစ်ပါတယ်။ ရှုံးသွားသော မဲဆန္ဒရှင်များရဲ့ မဲလည်းအလဟဿမဖြစ်ပါဘူး။ ထို့အတူမဲဆန္ဒရှင်များရဲ့ မဲပေးရာတွင် ရှုပ်ထွေးမှုမရှိပါ။ ယခင်မဲပေးစနစ်အတိုင်း ဖြစ်ပါတယ်။ မဲဆန္ဒနယ်မြေများလည်း ပြင်ဆင်ဖွဲ့စည်းရန် မလိုအပ်သလိုဖွဲ့စည်းပုံအခြေခံဥပဒေလည်း ပြင်ဆင်စရာမလိုဘဲဥပဒေနဲ့အညီ ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ ကမ္ဘာပေါ်တွင် ဘယ်နိုင်ငံမဆိုရွေးကောက်ပွဲစနစ် ပြီးပြည့်စုံတယ်ဆိုတာမရှိပါဘူး။ ရွေးကောက်ပွဲစနစ် တစ်ခုတည်းကိုအကောင်းဆုံးယူဆ၍ ပုံသေဆုပ်ကိုင်ထားသောမူဝါဒဆိုတာလည်း တိုးတက်

ပြောင်းလဲမှုကို လွန်ဆန်ရာရောက်မည်ဖြစ်ပါတယ်။ အမှားသို့ ဦးတည်ကြုံတွေ့သွားနိုင်ပါတယ်။ မြန်မာနိုင်ငံတွင် ပါလီမန်ဖြစ်မှ ၂၀၁၂ ခုနှစ် ရွေးကောက်ပွဲအထိ FPTP စနစ် ၅ ခုဖြင့် အစိုးရ အဆက်ဆက် ရွေးကောက်ပွဲကိုကျင်းပပြုလုပ်လာခဲ့ပါတယ်။ ဒါပေမယ့် မဲအချိုးအစားမျှတခြင်းမရှိခြင်းကြောင့် မဲဆန္ဒရှင်ပြည်သူများမကျေမနပ်ရှိခဲ့ကြပါတယ်။ ဥပမာမဲဆန္ဒရှင် ၁၀၀ ဦးရှိသော မဲဆန္ဒနယ်မြေတွင် ကိုယ်စားလှယ်လောင်း ၃ ဦးယှဉ်ပြိုင်ရာ၌ ဆန္ဒမဲ ၄၀၊ ၃၅၊ ၂၅ မဲအသီးသီးရရှိကြသည့်အခါ ဆန္ဒမဲ ၄၀ ရရှိသူကိုယ်စားလှယ်ကအနိုင်ရရှိသွားပြီးကျန်ကိုယ်စားလှယ်နှစ်ဦး၏ ရှုံးနိမ့်မဲပေါင်းသည် ၆၀ ဖြစ်နေ၍ အနိုင်ရသူ၏ မဲ ၄၀ ထက် ပိုများနေကြောင်းမဲဆန္ဒရှင်အများစုကိုမဲဆန္ဒရှင်အနည်းစုက အနိုင်ယူသွားသည့် သဘောသက်ရောက်နေပါတယ်။ လာမည့်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်မြေတစ်ခုတွင် ကိုယ်စားလှယ်လောင်းများ ဒီထက်များစွာဝင်ရောက်ယှဉ်ပြိုင်လာကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီကတော့ မည်သည့်ဒီမိုကရေစီ ရွေးကောက်ပွဲနည်းစနစ် လမ်းစဉ်ပုံစံပဲဖြစ်ဖြစ်ပါဝင်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံအသီးသီးမှာမိမိတို့နိုင်ငံနဲ့ လိုက်လျောညီထွေမှုရှိသော ရွေးကောက်ပွဲစနစ်ကိုကျင့်သုံးကြပါတယ်။ နိုင်ငံတကာမှာလက်တွေ့ ကျင့်သုံးနေသည့် ရွေးကောက်ပွဲစနစ်များကိုလေ့လာကြည့်မည်ဆိုပါကနိုင်သူအကုန်ယူ FPTP စနစ်ကျင့်သုံးတဲ့နိုင်ငံ ၄၇ နိုင်ငံ၊ အချိုးကျ ကိုယ်စားပြုကျင့်သုံးတဲ့နိုင်ငံ ၇၀ နိုင်ငံ၊ ရောနှောစနစ် ကျင့်သုံးတဲ့ နိုင်ငံ ၉ နိုင်ငံ၊ အပြိုင်စနစ်ကျင့်သုံးတဲ့နိုင်ငံ ၂၀ နိုင်ငံတို့ရဲ့ အားနည်းချက်၊ အားသာချက်များကို လေ့လာသုံးသပ်သွားရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လေ့လာသုံးသပ်ရေးကော်မရှင်က တင်ပြခဲ့သော ရွေးကောက်ပွဲနည်းလမ်း ၈ ခုရှိသည့်အနက်မှ အမှတ်စဉ် ၄ ရွေးကောက်ပွဲပုံစံ(၂)ဖြစ်တဲ့ မဲအများဆုံးရသူအနိုင်ယူစနစ်နဲ့ ထိုနိုင်သူ၏မဲမပါ ကျန်ရွေးချယ်ခြင်းမခံရသောကိုယ်စားလှယ်များ၏ မဲအားလုံး ကိုယ်စားလှယ်ရွေးချယ်ခြင်းအားလုံးနဲ့ ကိုယ်စားလှယ်ရွေးချယ်ခြင်းမပြုရသေးသော မြို့နယ်များမှ မဲများနဲ့ပေါင်း၍ ပါတီရဲ့မဲအဖြစ် ပြောင်းလဲသော ရွေးကောက်ပွဲစနစ်ကိုအနာဂတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကျင့်သုံးသွားမည်ဆိုပါက တိုင်းရင်းသားကြီး/ငယ်အားလုံးသော်လည်းကောင်း၊ ပါတီကြီး/ငယ်အားလုံးသော်လည်းကောင်း၊ မဲဆန္ဒရှင်ပြည်သူလူထုအားလုံးကလည်း ကျေနပ်လက်ခံသော အမျိုးသားပြန်လည် သင့်မြတ်လာစေသော မြန်မာ့ရေခံ၊ မြေခံနှင့်ကိုက်ညီသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနဲ့ လိုက်လျောညီထွေမှုရှိသော ရွေးကောက်ပွဲစနစ်တစ်ခုဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**မူကြမ်း**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၅)ရက်မြောက်နေ့ ကျင်းပမည့် နေရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၂**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ကို ၁၂း၁၂ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**